www.burmeseclassic.com

ပရဆန်းကြယ်ချောက်ချားဖွယ်ဝတ္ထု၊


# မှားလောကကြီး

ကလောင်ခွဲ

## သစ်ငုတ်စိုးတဲ့

# မိုးသုည

မော်ဆရာရဲ့ ဥပုသ်နေ့



ပန်းချီသိန်းရွှေကြည်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# သစ်ငုတ်စိုးတဲ့ ပိုးသုည

## မော်ဆရာရဲ့ ဥပုသ်နေ့



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလ – ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/–)ကျပ်

❑ **ထုတ်ဝေသူ**
ဒေါ်သင်းသင်းမွန်၊ သင်းစာပေ၊ အမှတ်(၁၀)၊
ရတနာမြိုင်လမ်း၊ (၁၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

❑ **မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်–၁၇၁၊ ၃၃–လမ်း၊ ကျောက်တံတားမြို့နယ်။

❑ **အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

❑ **ဖြည်လုံးကျွတ်ဖြန့်ချိရေး**
**ရဲရင့်အောင်စာပေ**
အမှတ်–၄၉၊ မုန့်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
သစ်ငုတ်စိုးတဲ့ဖိုးသုည
မော်ဆ ာရဲဥပုသ်နေ့ / သစ်ငုတ်စိုးတဲ့ဖိုးသုည – ရန်ကုန်၊
သင်းစာပေ၊ ၂၀၁၃။
၁၃၆–စာ၊ ၁၃ × ၂၀ စင်တီ၊
(၁) မော်ဆရာရဲဥပုသ်နေ့

# ဖိုးသုည

ဝေဖန်စာကဏ္ဍ

www.burmeseclassic.com

www.burmeseclassic.com





သို့

ဆရာ မိုးသူညာ ... ရှင့် ...

ဝေယံစာကလွှာဖွင့်ရဲတဲ့ ဆရာရဲ့ အညွှန်းချက်ကို ကျွန်မလုံးဝ အထင်မသေးဘူး ဆိုတာ ပဏာမအနေနဲ့ ဝန်ခံလိုက်ရပါတယ် ... လောကမှာ မမှားသောရှေနေ မသေသောဆေး သမား မရှိပါဘူးဆရာ ... လူတိုင်း အမှားနဲ့မကင်းကြပေမယ့် ... တချို့က ကိုယ့်အမှား ကို ထောက်ပြရင် မကျေနပ်ကြပါဘူး ... ဆရာက အဲလိုလူတန်းစားမှာ မပါတဲ့ စာရေး ဆရာကောင်းတစ်ယောက်ပါ။ ပြီးတော့ တချို့တချို့သော ဝေယံစာရေးသူတွေဟာ စာကောင်း ပေကောင်း၊ လက်ရာကောင်း ဖြစ်စေလိုတဲ့ အပြုသဘောထား ပုဂ္ဂိုလ်ရေးရာ တိုက်ခိုက်မှု အဖျက်သဘောဆောင် တတ်ကြပါတယ် ... ဒါဟာ စာရေးဆရာ အတွက်ရော၊ ဝေယံ စာရေးသူအတွက်ရော မကောင်းတဲ့လက္ခဏာတွေပါ ... အထူးသဖြင့် စာဖတ်သူအများစုရဲ့ စိတ်အာဟာရ၊ နှလုံးသားအာဟာရထဲ အဆိပ်ခပ်ရာရောက်လို့ အဆိုးမြင်သုံးလုပ်ရပ်လို့ ယူဆမိ ပါတယ် ... အခု ဆရာရေးတဲ့ "တမ္ဘွေးအိမ်က မာယာရှုပ်မိန်းကလေး" ဝတ္ထုကို ဝေယံရတာ ဟာ စာကိုချစ်တဲ့စိတ်သက်သက်ပါ ...

ကျွန်မ ကဏ္ဍနှစ်ခုခွဲပြီး ဝေယံပါရစေ ...

(၁) အရေးအသား အပိုင်းကဏ္ဍ

(၂) အကြောင်းအရာနဲ့ ဇာတ်လမ်းသန့်တိုးမှု အပိုင်းကဏ္ဍ



(၁) အရေးအသား အပိုင်းကဏ္ဍ

ဆရာဟာ စာဖတ်သူ လူတန်းစားမရွေး နှစ်ခေါက်ပြန်ဖတ်စရာမလိုအောင် ကွင်းခနဲ ကွက်ခနဲ ရှင်းလင်းတဲ့စကားပြေရေးဟန်နဲ့ ရေးသားထားပါတယ် ... ရိုးရှင်းတဲ့ ဝါကျဖွဲ့ထုံး တွေနဲ့ပဲ တစ်ဇာတ်လုံးကို ခြယ်မှုန်းထားပါတယ်။ ဆရာ့အရေးအသားဟာ ကဗျာအငွေ့အသက် ပါတဲ့ ဝတ္ထုရေးပုံမဟုတ်ပါဘူး ... သုတစာပေဆန်တဲ့ ဝတ္ထုရေးပုံမဟုတ်ပါဘူး ... ဆောင်းပါး ဆန်တဲ့ ဝတ္ထုရေးပုံ မဟုတ်ပါဘူး ... အက်ဆေးဆန်တဲ့ ဝတ္ထုရေးပုံမဟုတ်ပါဘူး။ သတင်းဆန်တဲ့ ဝတ္ထုရေးပုံ မဟုတ်ပါဘူး ... တက်ကျမ်းဆန်တဲ့ ဝတ္ထုရေးပုံမဟုတ်ပါဘူး ... ဝတ္ထုဆန်တဲ့ ဝတ္ထုရေးဟန်ကို အတိုင်းသားမြင်သာပါတယ် ဆရာ ... စကားလုံးဖွဲ့စည်းမှုလည်း ခြောင့်စင်းသို့ ရိုးကျက်အပြည့်အဝရှိပါတယ် ... ဝေယံစာ ကဏ္ဍသိပ်ရှည်သွားရင် စာဖတ်သူ ငြီးငွေ့စေလို့ ဘယ်စာမျက်နှာရဲ့ ဘယ်စာကြောင်း ဘယ်စာလုံး ဆိုပြီး အသေးစိတ်ထောက်မပြတော့ ပါဘူး ... ကျွန်မ စောစောကပြောသလို ကွင်းခနဲ ကွက်ခနဲ ရှင်းလင်းတဲ့ အရေးအသားကို တစ်အုပ်လုံး အနှံ့အပြားတွေ့ရလို့ပါ ...

(၂) အကြောင်းအရာနဲ့ ဇာတ်လမ်းသန့်တိုးမှုအပိုင်းကဏ္ဍ

ဝတ္ထုတစ်ပုဒ်ဟာ ဝတ္ထုတစ်ပုဒ်ဆိုပေမယ့် ကျိုးကြောင်းဆီလျော်မှုရှိရမယ်လို့ ကျွန်မ ခံယူပါတယ်။ အမြင့်အမိုက်တွေ အံဝင်ခွင်ကျရှိရပါမယ်။ ဒီဇာတ်လမ်းရဲ့ အရေးကြီးဆုံးသူ နှစ်ယောက်ဖြစ်တဲ့ Main Character (အဓိကဇာတ်ကောင်စုပြည့်နဲ့ Narrator (ဇာတ်ပြောသူ) သူနာပြုဆရာမလေး လွှတ်လပ်တို့အကြောင်းကို ရေးဖွဲ့နေရာမှာတော့ တကျွံ့ ရိုးအောင် သတိထားသင့်ပါတယ်။ နည်းနည်းဆိုးတာက စုပြည့်လေးဟာ အသိုင်းနေအောင် သွားကို ချစ်သူလည်းမဟုတ်ဘူး၊ ကြောက်သူလည်း မဟုတ်ဘူး၊ အဘွား ဒေါ်နီလှိုင်မြိုင်အပေါ် မှာလည်း ဒီဓားချက်မျိုးပဲထားရှိပါတယ် ... လူဆိုတာ စိတ်ဒဏ်ရာသင်းလောက်ပဲရှိနေပါစေ

www.burmeseclassic.com

www.burmeseclassic.com



ချမ်းခြင်း၊ မုန်းခြင်း၊ အစွန်းမရောက်တဲ့ မျှတွေအပေါ်မှာ အမှန်အတိုင်း မြင်လေ့ရှိပါတယ်။ လွမ်းဆွတ်မှုအလွန်ကြောင့်လည်း မမေ့ပျောက်ကြပါဘူး။ နာကြည်းမှုအလွန်ကြောင့်လည်း မမေ့ပျောက်ကြပါဘူး ... ဇာတ်လမ်းရဲ့အဖြစ်မှန်အရ ရုပ်ရှင်ရဲ့ဖခင်နဲ့ ရုပ်ရှင်ရဲ့အဘိုးဟာ တစ်ချိန်တည်း တစ်ပြိုင်တည်းတိုက်ပေါ်ကပြုတ်ကျပြီး သေရတာပါ။ မိသားစုဝင်နည်းနည်းမရှိတဲ့ ဒီအိမ်ကြီးမှာ အမေသေတာကိုသာသိပြီး အဘိုးသေတာမသိသလို ရေးဖွဲ့ထားတာဟာ ယုတ္တိလုံးဝမရှိပါဘူး ... အဘိုးအဘွားတွေနဲ့ သွားသွားစကားပြောတာ မဖြစ်သင့်တဲ့ အကြောင်းအရာပါ။ ဇာတ်ပတ်အတွင်းမှာ မေ့ချင်တာမေ့ပြီး သတိရချင်တာ သတိရတဲ့ [illegible] တစ်ယောက်ရဲ့ ရုပ်ပုံပေါ်ကို ရုပ်ရှင်နဲ့ သူ့အဘိုးရဲ့ဆက်ဆံမှု ခံစားချက်တွေ [illegible] ချထားပါတယ် ... လွတ်လပ်အနေနဲ့တော့ ဇာတ်ရဲ့ အရေးကြီးဆုံး [illegible] နောက်ဆုံးအခန်းမှာမှ ချပြလိုက်တာဖြစ်လို့ ကြော် ... ဒီလိုကိုးလို့ အံ့ဩကျေနပ်ရပါတယ် ... ဒါပေမယ့် ဝိညာဉ်ဘယ်လောက်ပဲဆန်းဆန်း အချက်အလက်ချိုးဖောက်သင့်ပါတယ် ... ဒီပါ ... ဆရာ ... ဆရာ့ရဲ့ ပိုကောင်းမွန်တဲ့လက်ရာတွေကို အငံ့အမျှော်စောင့်ပြီး ဇာတ်ချင်လို့ပါ ...

ဒေါ်ကြူငြိမ်းကွန်း
သ/ထ မန်နေဂျာ
ရုံးအဘတ်၊ မန္တလေး။





သို့ ...

ဆရာ ဖိုးသုည ...

ကျွန်တော်ဟာ ဝေဖန်ရေးဆရာမဟုတ်သလို ပညာတတ်တစ်ယောက်လည်း မဟုတ်ပါဘူး ... စာတွေ့သမျှကို မဖတ်ဘဲမနေနိုင်တဲ့ စာချစ်သူလို့ ဆိုပါရစေ။ ဒီလိုမျိုးဝေဖန်စာမျိုး တစ်ခါမှ မရေးခဲ့ဘူးလို့ အမှားပါရင်ခွင့်လွှတ်ပါဆရာ ... ဒါပေမယ့် ဖတ်မိတဲ့စာတွေဟာ ကျမ်းကြီးကျမ်းခန့်တွေထက် အတိုအစဖြတ်စပြင်းတောင်းတွေများပါတယ် ... ဒါကြောင့် ကြိုတင်တောင်းပန်ရတာပါ ...

ကျွန်တော်ဟာ ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက တောင်သူလယ်လုပ် စားမသုတ်နဲ့ ရုန်းကန်ရှင်သန်ခဲ့ရသူပါခင်ဗျာ ... ကျောင်းနေမှုင်းခဲ့လို့ စာရေးစာဖတ်ကိုတောင် အသက်သယ်ငြောက်နှစ်ရောက်မှ မိခင်ကြီးကသင်ပေးခဲ့လို့ တတ်မြောက်ခဲ့ရသူပါ ... ယော ပြောရင်ဆိုရင်နဲ့ ကျွန်တော့်စကားတွေ ဘေးချော်သွားပြီ ... ဆိုလိုတာက အပတ်မှား အမှတ်မှားခဲ့လို့ အရေးမှားသွားနိုင်ပါတယ် ...

ဒီလိုပါဆရာ ... ကမ္ဘာကျော်စာရေးဆရာကြီးတစ်ယောက်နဲ့ ပတ်သက်တဲ့ စာပေဝေဖန်ရေး ကောက်နုတ်ချက်တစ်ခုထဲမှာ ဒီလိုရေးထားပါတယ် ...

ဆရာကြီးဟာ ဝတ္ထုတစ်ပုဒ်ရေးပြီးဆိုရင် သိမ်ကိုစေ့စပ်တယ်တဲ့ ... သူရေးတဲ့ ဝတ္ထုရဲ့ တစ်နေရာမှာ "နံရံ၌ သေနတ်တစ်လက်ချိတ်ထားသည်"လို့ရေးခဲ့ရင် အဲဒီဝတ္ထု

www.burmeseclassic.com



ရဲ့ တစ်နေ့ရာရာမှာပဲ အဲဒီနိုင်ငံကသေနတ်ကို မဖြစ်မနေကို အသုံးချသတဲ့ ဆရာ ... ကျွန်တော် အဲဒီဆရာကြီးရဲ့ စာတွေမတော်တူးမေလည့် သိမ်ကိုလေးစားသွားပါတယ် ... ဆရာ၊ ကျွန်တော် တို့နိုင်ငံက စာရေးဆရာအားလုံးကိုလည်း အဲဒီဆရာကြီးနည်းတူ လေးစားလိုပါတယ် ...

အဲခု ကျွန်တော်ရေးတာဟာ အကျတ်ထောက်ပြီးဖော်ကားလိုခြင်း လုံးဝုံးမပါပါဘူး။ ဆရာရဲ့ "တစ္ဆေအိမ်ကြီးက မာယာရှင်မိန်းကလေးထဲမှာ ကျွန်တော်မြှော့ချစ်တာတစ်ခုရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ အဓိကဇာတ်ကောင် "မှုံညို"ဆိုတဲ့ မိန်းကလေး သူမရဲ့သူငယ်ချင်း တွေကို အိပ်လည်ခေါ်ပါတယ် ... အဲဒီမိန်းကလေးရဲ့ ခြံဝင်းကျယ်ကြီးထဲမှာရှိတဲ့ ဆွေတော် မျိုးတော်သင်္ချိုင်းကို သူငယ်ချင်းတွေ သွားချင်လို့လိုက်ပို့ခဲ့တယ် ဆရာ ... အဲဒီမှာ သူမ အမေ ကိုယ်ယောင်ပြတယ် ... နောက် မှုံညိုလေးကိုလည်း ဆွေတော်မျိုးတော် သင်္ချိုင်းထဲ သူစိမ်းလူတွေ ခေါ်လာလို့ စိတ်ဆိုးဒေါသဖြစ် ကြိမ်းဝါးခဲ့တယ် ... ဒါပေမယ့်ဆရာ ဝတ္ထု ဆက်ဖတ်လို့ ဆုံးသွားတဲ့အထိ အဲဒီအကြောင်းနဲ့ပတ်သက်လို့ လုံးဝမတွေ့ရတော့ဘူး ... ကျွန်တော်စိတ်ထင်ပြောရရင် အဲဒီဇာတ်ကွက်ဟာ အပိုသက်သက်ဖြစ်နေပါတယ် ... အဲဒီ ဇာတ်ကွက်ကို ဆရာ သတိလက်လွှတ်ဖြစ်သွားတာလား ... ဆရာ ...

ကျွန်တော်အခုလို ဝေဖန်တာမှားယွင်းသွားရင် ပညာမဲ့ နားလည်မှုနဲ့ အနူးညွတ် မေတ္တာရပ်ခံလိုက်ပါတယ် ...

*ဆရာ့ရဲ့ စာတွေကိုလေးစားတဲ့*

*ဦးသာတုတ်*

*ရွှေဝန်းကုန်း၊ ဝက်လက်မြို့နယ်*

*စစ်ကိုင်းတိုင်း*



သို့

အကျကြီး ဆရာ မိုးသူည ...

ဆရာလေးက စစ်ကိုင်းတောင်ရိုး နိုဗ္ဗုံ့ဈေးမှာ သီတင်းသုံးတဲ့ "ယောဟရီ"ပါ။ ဆရာလေးဖြစ်လျက်နဲ့ သရဲဝတ္ထုရေးတဲ့ စာရေးဆရာရဲ့ဝေဖန်စာကဏ္ဍမှာ ရေးလိုက်လို့ အံ့ဩ သွားလား ... မအံ့ဩပါနဲ့ သရဲဆိုတာ ပေတာဘဲ့သားတွေပါပဲ ... ဘုရားဟော ပေတ ဝတ္ထုထဲမှာ ပြိတ္တာတွေရဲ့ ပြိတ္တာဖြစ်ရခြင်း အကုသိုလ်ကံအကြောင်းတရားတွေ ဆရာလေး ဖတ်ဖူးပါတယ် ... ဆရာရေးတဲ့စာအုပ်တွေကို ဖတ်ရပါတယ် ... ကြိုက်တယ်ဆရာ ... ဆရာလေးသူငယ်ချင်း သီလရှင်တွေလည်း ကြိုက်ကြပါတယ် ... တစ္ဆေအိမ်ကြီးက မာယာ ရှင် မိန်းကလေး ဝတ္ထုဆို တော်တော်ကောင်းလို့ လက်ကမချချင်ဘူး ... ဒါကြောင့်လည်း သူငယ်ချင်းတွေပေးဖတ်၊ ကိုယ့်ထက် စာဖတ်သက်ရင့်တဲ့ ဆရာကြီးတွေပေးဖတ်ပါတယ်။

ဆရာလေးကတော့ အဲဒီဝတ္ထုကို အမှမ်းတင်ပြီး ပြောတာပေါ့ ... ဇာတ်လမ်း စပွင့်ကတည်းက ဇာတ်သိမ်းအထိ တစ်ချက်ကလေးမှ ဇာတ်ရှိန်လျော့မသွားဘူး ... မြင့်ပြီးရင်း မြင့်တယ်လို့ဆိုပါတယ် ...

ဒါပေမယ့်ဆရာ ... ဆရာလေး စောစောကပြောတဲ့ စာဖတ်ပရိသတ်ရင့်တဲ့ ဆရာ ကြီးတစ်ပါးက ဒီလိုပြောတယ် ... ဆရာရယ် ... "နင်တို့လိုလူတွေက ခပ်ပြိန်းပြိန်းတွေပဲ၊ နင်တို့လိုလူတွေတော့ အဲဒီအရေအသားမျိုးကြိုက်မှာပေါ့တဲ့ ... ငါတို့အတွက်တော့ အဲဒီ ရေးဟန်မျိုးမတိုးဘူးတဲ့ ... စာဟန်ကတစ်သမတ်တည်း တစ်ပြိုးတည်းဖြစ်နေတယ်တဲ့ ...

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ရှိန်အတက်အကျမရှိဘူးတဲ့ … 4,2,3,1, Timing က စနိုးယားအတိုင်းဖြစ်နေလို့ ငြီးငွေ့ဖို့ကောင်းတယ်တဲ့ … တပတ်သက် ရှင်သာရင် စာရေးဟန် အဟောင်းအဆွေးကြီးတွေကို အရသာမတွေ့တော့ဘူး … အဲလောက် ရိုးရိုးရှင်းရှင်းသတ်ချင်ရင် နင်တို့တွေ စာစီကုံးတအုပ်ပဲဝယ်ဖတ်ကြ။ ငါကတော့ မော်ဒန် ပို့စ်မော်ဒန် အရေးအသားတွေ ဖတ်ရတာပဲ အာတွေ့တယ်တဲ့ …

စိတ်ဆိုးလိုက်တာ အရာရယ် … ဆရာလေးကို ဖော်ကားနင်တောင် ဒီလောက်စိတ်ဆိုးမှာ မဟုတ်ဘူး … ဒါပေမယ့် သူ့လိုစာပေဆိုင်ရာ နည်းပညာတွေ ဆရာလေး အာမမသိတာ။ ဒါနဲ့ မချစ်လွန်းလို့ အသားတဆက်ဆက်တုန်နေလျက်က တစ်ခွန်းတော့ပက်ထည့်လိုက်တယ် … ကျွန်မမှာ ဆရာကြီးပြောတဲ့ စာရေးဟန်အသစ်တွေနဲ့ ရိုးရိုးရှင်းရှင်းစာရေးဟန် ဘယ်ဟာကပိုကောင်းမြင့်သလဲ … စာပေပညာရှင် ဆရာကြီးအသိဆုံးဖြစ်မှာပါလို့ပေါ့ …

အဲလိုပြောပြီး တောက်ခနဲလှည့်ထွက်လာခဲ့တာ … ဒီတောင်မှ ဆရာကြီးက မလျှော့ချင်ဘူး … အာပြောတယ်မှတ်လဲ …

"လူတွေက ညံ့မှကြိုက်တယ်" တဲ့ …

တော်တော် စိတ်ကောင်းမရှိတဲ့ ဆရာကြီးပဲနော် … ဆရာရေ ဆရာလေး ဒေါသတွေ သိပ်ကြီးနေလို့ စာရေးတာကမှောက်ကမ ဖြစ်သွားပြီထင်တယ် … ဝေဖန်စာကလွှာနဲ့ရော တိုက်ရဲ့လားမသိဘူး …

ဆရာ့ကိုလေးစားမြဲလေးစားလျက်
မောမာရီ
စမ်းကိုင်းတောင်ရိုး

## ပါဝင်သောအခန်းများ


အခန်း ၁။ သချိုင်းထဲရောက်လာတဲ့ဝိညာဉ်
အခန်း ၂။ ညှာဘက်မြည်တဲ့ စန္ဒယားသံ
အခန်း ၃။ ဝိညာဉ်မြင်သူ
အခန်း ၄။ ဝိညာဉ်ကိုကူညီသူ
အခန်း ၅။ သုဿန်ပင်အောက်ကစာရွေ
အခန်း ၆။ တမ္ဘေတစ်ကောင်ရဲ့ဘဝ
အခန်း ၇။ မေတ္တာပို့တဲ့အမေ
အခန်း ၈။ ဖိတ်ခေါ်ပွဲ
အခန်း ၉။ အပြန်ည


ရိုရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com


အခန်း ၁၀။ သရဲနေတဲ့အခန်း

အခန်း ၁၁။ ရေခဲတိုက်အစောင့်

အခန်း ၁၂။ ဘူတာရုံကတစ္ဆေကြီး

အခန်း ၁၃။ ဝိညာဉ်ချစ်တဲ့ သမီးလေး

အခန်း ၁၄။ သမီးလေးမရှိရင်

အခန်း ၁၅။ တစ္ဆေနှုတ်ဆက်တဲ့ညနေ


နိဂုံး



အခန်း (၁)

## သင်္ချိုင်းထဲရောက်လာတဲ့ဝိညာဉ်

"အု ... ဝူး"

ညကအတော့်ကိုနက်မှောင်လို့နေလေပြီ ... သင်္ချိုင်းသွားရာ လမ်းမတလျှောက် အမှောင်ထဲတွင် တရွေ့ရွေ့သွားလာနေသည့် သဏ္ဍာန် တစ်ခု ...

ထိုအရာကိုကြည့်၍ ခွေးများကဖိုင်းအုံကာ အူသည့်အသံများက ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံလို့နေလေ၏။

ခွေးများက ထိုမဲမဲသဏ္ဍာန်နားသို့ မကပ်ရဲခပ်ဝေးဝေးမှနေ၍သာ အူကြသည်။

"အု ... ဝူး"

လူတစ်ယောက်လို ခွေးတွေက ဟောင်မည်။ အခုလို အူတာဆို တော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါကိုကြည့်ပြီး ဘာလို့အူတာလဲ ..."

စစ်နိုင် သူ့ကိုယ်သူ ပြန်မေးမိသည်။

ပြီးတော့ ...

သူ ... ဘာလို့ ဒီလမ်းကိုလျှောက်ရတာလဲ ... ဘာလို့ သူ သချိုင်းကို သွားချင်နေရတာလဲ ...

သူ့ရဲ့ခန္ဓာကိုယ်ကလည်း ဖဲချက်တစ်ချက်လို ပေါ့ပါးလွန်းနေသည်။

"ဝူး ..."

"ဟင် ..."

တစ်စုံတစ်ယောက်က ဝင်တိုးသည့် အထိအတွေ့တစ်ခု သူ့မှာ ဘာခံစားမှုမှမဖြစ်ပေါ်တာကြောင့် အံ့ဩလို့နေ၏။

"ငါ ဘာဖြစ်တာလဲ"

ကိုယ်တိုင်လည်း စဉ်းစမရ ... ခြေလှမ်းတွေက တဖြည်းဖြည်း သချိုင်းသို့သာ ဦးတည်နေသည်။

ကောင်းကင်၌လည်း ကြယ်ရောင်တို့က စုံတာမဟုတ် မဲမှောင်ရှိသာနေသည်။

သို့သော်လည်း ...

သဘာဝအလင်းရောင်ကြောင့် အနီးအနားကိုတော့မြင်နေရသည်။

လမ်းမဘေး၌ရှိသော ကြီးမားသော ကုက္ကိုလ်ပင်ကြီးများ၊ လက်ပံပင်ကြီးများ စသည်တို့ဖြင့် အုံ့အုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။

သူ ... ဘာလို့ အခုလိုအချိန် ဒီလမ်းကိုလျှောက်နေရတာလဲ သူ့ကိုယ်သူ ဘယ်လိုမှစဉ်းစမရခဲ့ ...

---

ရိုရင့်အောင်စာပေ



ခြေလှမ်းတွေကတော့ သချိုင်းဆီသို့သာ ဦးတည်လို့နေမြဲလေ။

"ဟင် ..."

သချိုင်းမရောက်မီ လမ်းမဘေးညောင်ပင်အောက်တွင် ထိုင်နေသော အဘိုးအိုတစ်ယောက်ကို တွေ့လိုက်ရာ သူ အံ့ဩသွားသည်။

အဘိုးအို၏ ပုံသဏ္ဌာန်မှာ အရုပ်ပုပု အသားအရည်က မည်းနက်ကာ ထိပ်ကပြောင်၍နေသည်။ ဆံပင်တို့မှာလည်း ကျိုးတို့ကျဲတဲ ဖြစ်နေတာကြောင့် အလွန်တရာမှ ကြည့်ရတာ အရုပ်ဆိုးလွန်းလှသည်။

"ဟော့ ..."

အဘိုးအိုက သူ့ရဲ့လက်တစ်ဖက်ကို မြှောက်ကာ လှမ်းခေါ်သည်။ သူလည်း အဘိုးအို၏ အနည်းငယ်လှမ်းတဲ့နေရာတွင် မတ်တတ်ရပ်လိုက်၏။

"ကျွန်တော့်ကိုခေါ်တာလား ..."

"အေး ..."

အဘိုးအိုက သူ့အမေးကိုဖြေ၍ မတ်တတ်ရပ်ကာ သူ့ရှေ့သို့ လျှောက်လာသည်။

"မင်း ... သချိုင်းကိုလာတာလား"

"ဗျာ ..."

သူဘယ်ကိုလာတာလဲဆိုတာ အဘိုးအိုကကြို သိနေသည့်ပုံကြောင့် သူအံ့ဩလို့သွားသည်။

"ဒီလိုပါပဲကွာ ... တစ်နေ့ သချိုင်းကိုရောက်လာကြမှာပဲမလား"

"ကျွန် ... ကျွန်တော်က ..."

---

ရိုရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူတုန်လှုပ်စွာ အဘိုးအိုအားမေးမည့် ကြလိုက်စဉ် အဘိုးအိုက သူလက်မောင်းကို ကြင်နာစွာညှစ်လျက် ...

"လာပါကွာ ... ဘယ်သူမဆို ကိုယ့်နေရာနဲ့ကိုယ်နေတာ အကောင်းဆုံးပါပဲ ..."

အဘိုးအိုကပြော၍ ရှေ့မှသွားလေရာ သူလည်း အဘိုးအိုနှင့်အတူ သင်္ချိုင်းဆီသို့လိုက်ပါလာသည်။

သင်္ချိုင်းအဝရောက်သောအခါ ...

"ဟော ... ဟေး"

"ဖှင် ..."

သင်္ချိုင်းထဲမှ အော်သံများကြားရတာကြောင့် ဆတ်ခနဲတုန်လို့ သွားသည်။ အားကိုးတကြီးနှင့် အဘိုးအိုကို ကြည့်လိုက်ရာ အဘိုးအိုက–

"ဘာမှမဖြစ်ဘူး ... ငါ့နောက်လိုက်ခဲ့"

သူလည်း အဘိုးအိုနောက်မှ လိုက်လာစဉ် ...

"ဘယ်သူပါလာတာလဲဟေ့ ..."

အသံညှာညှာကြီးနှင့် အထဲမှ လှမ်းမေးလိုက်ရာ အဘိုးအိုက–

"အသစ်ဟေ့ ... အသစ်"

ပြန်၍ အော်ပြောလိုက်သည်။

အသံထွက်ပေါ်လာရာသို့ သူလိုက်ရှာသော်လည်း ဘယ်သူကို မှ မတွေ့ရ ... အဘိုးအိုက သူ့အား အုတ်ဂူများရှိရာသို့ ခေါ်၍လာသည်။

စီတန်းနေသော အုတ်ဂူများထဲမှ အသစ်လွင်ဆုံးအုတ်ဂူရှေ့ ရောက်သောအခါ အုတ်ဂူပေါ်မှ ကမ္ပည်းထိုးထားသော စာတန်းကိုဖတ်





လိုက်၏။

"စစ်နိုင်လွင် ...

အသက် (၂၈) နှစ်"

သူ အလွန်အံ့ဩသွားသည်။ စစ်နိုင်လွင်ဆိုတာ သူ့နာမည်။

"အဘိုး ... ဒါ ကျွန်တော့်အုတ်ဂူပေါ့ ..."

"အင်း ..."

အဘိုးအိုက သူ့မျက်နှာကိုမကြည့် ညင်သာစွာခေါင်းညိတ်ပြသည်။ သူတစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေ၏။

သူ့မျက်လုံးတွင် သူအလွန်ချစ်ရသည့် ဇနီး ပန်းပွင့်ဖြူ ...

ပြီးတော့ ...

သမီးလေး ကေရီစစ် ...

"အဘိုး ... ကျွန်တော် ... ကျွန်တော် သေသွားပြီပေါ့"

အဘိုးအိုက သူ့မျက်နှာကို စိတ်မကောင်းစွာကြည့်၍ –

"ဟုတ်တယ် ... လူလေး ... လူလေးသေသွားပါပြီ"

"ဟာ ... မဟုတ်ဘူး ... ကျွန်တော်မသေဘူး ... သေလို့ မဖြစ်ဘူး ... ကျွန်တော့်မှာ သမီးလေးရှိတယ် ..., ပြီးတော့ ကျွန်တော့်မိန်းမ ပန်းပွင့် ... ကျွန်တော်မရှိရင် သူတို့ဘယ်လိုနေမလဲ"

သူ့ရဲ့အသံတွေက တုန်နေသလို ကျယ်လောင်လွန်းလှသည်။ အဘိုးအိုကဖြေးသိမ့်စွာနှင့် ...

"လူလေး ... လူ့ဘဝက ကျန်ခဲ့တာတွေပြီးသွားပါပြီ"

"ဟာ ... အား ..."



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို ဘယ်လိုမှမထိန်းနိုင်တော့ပဲ ကျယ်လောင်စွာအော်ဟစ်၍ သချိုင်းထဲမှ ပြေးထွက်ကာလာခဲ့လေတော့သည်။

□□□



## အခန်းထဲကထွက်လာတဲ့အသံကြီးက ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## ညာဘက်မြည်တဲ့ ခနွယ်းသံ

"စစ်နိုင် မရှိတော့ပေမယ့် အားမငယ်ပါနဲ့ ပန်းပွင့် _ ကျွန်တော် ပန်းပွင့်တို့သားအမိလိုအပ်တာကို ကူညီပါ့မယ် ..."

ခန်းနားလှသည့် ဧည့်ခန်းကြီးထဲရှိ ဆိုဖာထိုင်ခုံတွင် ပန်းပွင့်ဖြူထိုင်နေသည့် နေရာနှင့် မျက်နှာချင်းဆိုင်တွင် ရဲဇော်ကပြောနေသည်။

လင်ယောကျ်ား ရုတ်တရက်ဆုံးသွား၍ ဘာလုပ်ရမှန်းမသိဖြစ်နေသည့် ပန်းပွင့်ဖြူအတွက် ရဲဇော်ရဲ့စကားတွေဟာ အားတစ်ခု ဖြစ်ခဲ့သည်။

"ကုမ္ပဏီက အလုပ်တွေ ဘယ်လိုလုပ်ထားလဲ ..."

ပန်းပွင့်ဖြူက ခေါင်းကိုငုံ့ထားရင်းက တဖြည်းဖြည်းမော့ကာ ရဲဇော်ကိုကြည့်၍ –

"ပန်းပွင့်မှ ဘာမှမလုပ်[illegible]တာ မန်နေဂျာတွေရှိတာပဲ သူတို့





ဆက်လုပ်မှာပေါ့ ..."

"မန်နေဂျာတွေနဲ့ ထားလို့ဘယ်ရမလဲ ... သူတို့လုပ်ချင်သလို လုပ်လို့ ဆုံးရှုံးသွားရင် ကိုယ်ပဲခံရမှာလေ ..."

ရဲဇော်ကစိုးရိမ်တကြီးနှင့်ပြောတော့ ပန်းပွင့်ဖြူက ဘာမှပြန်မပြောတော့ သူကိုယ်တိုင်ကလည်း ယောကျ်ားဖြစ်တဲ့ စစ်နိုင်ရဲ့အလုပ်တွေကို တစ်ခုမှသိတာမဟုတ် ...

လင်ယောကျ်ားတစ်ယောက်ကိုတောင် ဆုံးရှုံးခဲ့ရတာ ငွေကြေးဥစ္စာတွေအတွက် ပိုပူစရာမလိုဟု ယူဆထားသည်။

"ကျွန်တော် ဝိုင်းကြည့်ပေးပါ့မယ် ... ပန်းပွင့်လည်း လေ့လာထားပါ _ ကိုယ့်လုပ်ငန်းဆိုတာ ကိုယ်တိုင်လုပ်မှ အဆင်ပြေ အောင်မြင်မှာလေ ..."

"အင်း ..."

ပန်းပွင့်က စိတ်မပါစွာခေါင်းညိတ်လိုက်၏။

"စစ်နိုင်က အရမ်းတော်တာ မမျှော်လင့်ဘဲအခုလိုဆုံးသွားတာ ကုမ္ပဏီအတွက်လည်း အကြီးမားဆုံး ဆုံးရှုံးမှုတစ်ခုဖြစ်သလို မိသားစုအတွက်လည်း အစားထိုးမရတဲ့ ဆုံးရှုံးမှုတစ်ခုမလား ..."

"ဟုတ်ပါတယ် ..."

ရဲဇော်ရဲ့စကားကို ပန်းပွင့်ကစိတ်မပါစွာဖြေနေသည်။ ဖြစ်နိုင်ရင် အခုချိန်မှာ သူနားချင်နေ၏။

ရဲဇော်ရဲ့စကားတွေကို သူနားထဲကြားတစ်ချက် မကြားတစ်ချက် သူ့ရင်တစ်ခုလုံးလည်း ပူလောင်လို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးနှင့်အတူ ရှေ့ဆက်ရမည့် ခရီးအတွက် ဘယ်လို သွားရမယ်မှန်း မသိအောင်ဖြစ်ရသည်။

ရဲဇော်က သူယောက်ျား စစ်နိုင်နှင့် အချစ်ဆုံးသူငယ်ချင်းတွေ-

စစ်နိုင်ရဲ့ နာရေးကိစ္စအဝဝကို ရဲဇော်က ကူညီပေးတာကြောင့် ပန်းပွင့်ဖြူ ကျေးဇူးတင်မိသည်။

အရင်က သာယာစိုပြေခဲ့သော သူတို့အိမ်ကြီးမှာ အခုတော့ ခြောက်သွေ့လို့နေသည်။

"ပန်းပွင့်နားချင်ပြီ ..."

"ဟာ ... ဟုတ်သားပဲ ပန်းပွင့်လည်း အခုရက်ပိုင်း ပင်ပန်းနေမှာပေါ့ _ နားပါ _ ကျွန်တော်လည်း ပြန်ဦးမယ် _ အကြောင်းရှိရင် ကျွန်တော့်ဆီဖုန်းဆက်ပါ ..."

"ဟုတ်ကဲ့ ..."

ရဲဇော်က ပန်းပွင့်ဖြူကို နှုတ်ဆက်ကာ ထွက်သွားသည်။ ပန်းပွင့်ဖြူလည်း အိပ်ခန်းထဲသို့ဝင်လာကာ အိပ်ရာပေါ်တွင်လှဲကာ နေလိုက်၏။

"ဟင်း ..."

ပန်းပွင့်ဖြူရဲ့အကြည့်က အိပ်ခန်းနံရံတွင်ရှိသော သူတို့မင်္ဂလာဆော ... က ရိုက်ထားသည့် ဓာတ်ပုံဆီသို့ရောက်သွားသည်။

"ကိုရယ် _ ကိုက ပန်းပွင့်တို့သားအမိကို ထားသွားရက်တယ်၊ ပန်း ... ဘယ်လိုနေရမှာလဲ _ သမီးလေးက ကို့ကို မေးရင် ဘယ်လိုဖြေရမှာပဲ .. "





ပန်းပွင့်ဖြူရဲ့ မျက်လုံးထဲမှ မျက်ရည်တွေ ပါးပေါ်သို့စီးဆင်းကာ ကျလာသည်။

မိသားစုအပေါ် အလွန်တာဝန်ကျေသည့် လင်ယောက်ျား-

ဇနီးနှင့် သမီးအပေါ် သံယောဇဉ်ပိုလွန်းသည့် ကိုတစ်ယောက်ရဲ့ မေတ္တာတွေကို သူဘယ်တော့မှ ရတော့မှာမဟုတ် _

"ကို" က တမလွန်ကို အပြီးသွားခဲ့လေပြီ ... ။

ပန်းပွင့်ဖြူလည်း ချစ်သောလင်ယောက်ျားအတွက် ခံစားရလွန်း၍ ကျခဲ့ရတဲ့ မျက်ရည်တွေက ခေါင်းအုံးတစ်ခုလုံး ရွှဲစိုနေသည်။

"ဟင်"

သူ့နားထဲတွင် စန္ဒယားသံကြားလို့လာသည်။

"ဒီအသံက ကို တီးနေတာလား ..."

သူထထိုင်ကာ နားစွင့်ထား၏။

ငြိမ်းညောင်းလှတဲ့ ... စန္ဒယားသံစဉ်ကို အမြဲတီးတတ်သည်လေ ...

သူ့ စိတ်ကထင်တာလား _ တကယ်ပဲ စန္ဒယားသံကမြည်နေတာလားသိရအောင် အိပ်ရာပေါ်မှဆင်းကာ စန္ဒယားထားသည့်ကိုရဲ့ စာကြည့်ခန်းသို့ ထွက်လာသည်။

"ဟင် ..."

အလင်းရောင် မှိန်ဖျော့နေသည့် စန္ဒယားရှိသည့်အခန်းထဲမှာ သံစဉ်တို့က လွှမ်းခြုံနေသည်။

ထိုစဉ် ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ပခုံးပေါ်သို့ အေးစက်သည့် လက်ကြီးတစ်ခုကျလို့လာလေတော့သည်။

□□□



"အမလေး ..."

ပန်းပွင့်ဖြူ ထိတ်လန့်စွာလှည့်ကြည့်လိုက်ရာ ဒေါ်မိုးနက်ဖြစ်လို့နေသည်။

"ပန်းပွင့် မအိပ်သေးဘဲ ... ဘာလို့ ဒီအခန်းလာရတာလဲ"

"ပန်းပွင့် အသံတွေကြားတယ် ... ဒေါ်မိုးနက်"

"ဟင်း ..."

ဒေါ်မိုးနက်က ခေါင်းကိုခပ်ဖြည်းဖြည်းခါ၍ သက်ပြင်းချလိုက်၏။

"ဒေါ်မိုးနက် မကြားဘူးလား ..."

"ပန်းပွင့် အိပ်ပါတော့ ... လူပင်ပန်း စိတ်ပင်ပန်းရတာတွေများလှပါပြီ ..."

ဒေါ်မိုးနက်က ပန်းပွင့်ဖြူကို တွဲ၍ သူ့အခန်းဆီသို့ပြန်ပို့ပေးသည်။

"အိပ်ပျော်အောင် အိပ်လိုက် ဒါမှရှေ့ဆက်ရမယ့်နေ့တွေအတွက်အားဖြစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မိုးနက် ... ကို ... ပန်းပွင့်တို့အနားမှာရှိမှာပါနော်"

ပန်းပွင့်ဖြူ့အမေးကြောင့် ဒေါ်မိုးနက် မျက်နှာတည်လို့သွားပြီး–

"ပန်းပွင့် ဝိညာဉ်လောကဟာ သိပ်သနားစရာကောင်းတယ် ပန်းပွင့်က အခုလိုတနေတော့ မောင်စစ်နိုင် ဝိညာဉ်လောကမှာ ဘယ်လို နေနိုင်မလဲ ... သူ ဘဝတစ်ခုကို ထွက်မသွားနိုင်ပဲ ရှိတော့မှာပေါ့"

"ပန်းပွင့် ဘယ်လိုလုပ်ရမလဲ ဒေါ်မိုးနက်"

"ဘယ်လို လုပ်ရမလဲဆိုတော့ သေသွားသူကို အလွမ်းအမင်း တမနေနဲ့ သူ့ဝိညာဉ်က သူ့ကိုတမ်းတသူရှိရင် ရှိတဲ့ဆီကိုလာမှာပဲ ... သူလွတ်မြောက်မှာ မဟုတ်ဘူး ..."

"ဟုတ်ကဲ့ပါ ..."

ဒေါ်မိုးနက်ထွက်သွားတော့ ... ပန်းပွင့်ဖြူလည်း အိပ်ရာပေါ် လှဲစဉ်းစားလိုက်သည်။

သူ သိပ်ချစ်ခဲ့ရတဲ့ ကို့ကို ဘယ်လိုမေ့ရမှာလဲဆိုတာ အဖြေက မရခဲ့ ...

ဒေါ်မိုးနက်ဆိုတာ ကိုနဲ့ဆွေမျိုးသားချင်းတော်တာမဟုတ်ပေမယ့် ဒီအိမ်ကြီးမှာ ကို မမွေးခင်တည်းကနေလာခဲ့သူဟု ပန်းပွင့်ဖြူ သိရသည်။

ကို့မိဘတွေရဲ့ အားကိုးအားထားပြုရသည့် လူယုံတော်ကြီး တစ်ယောက်ဖြစ်သလို ကို့ရဲ့ အထိန်းတော်ကြီးလည်းဖြစ်သည်။

ပန်းပွင့်ဖြူနှင့် ကိုတို့လက်ထပ်ပြီးတော့ ကို့မိဘတွေရှေ့ဆင့် နောက်ဆင့် ဆိုသလို ဆုံးပါးသွားကြ၏။ ကို့ အပေါ်မိဘနှင့်မခြား သံယောဇဉ် ပိုလွန်းတဲ့ ဒေါ်မိုးနက်ကို ပန်းပွင့်ဖြူ စိတ်ယဲ့၍ တစ်ခါတစ်ရံ ငြိုငြင်မိသည်။





ကို့အကြောင်းကို ဒေါ်မိုးနက်က ပန်းပွင့်ဖြူ့ထက်ပင်ပိုသိသည်။ ကို့ကို ချစ်လွန်း သံယောဇဉ်ကြီးလွန်းတဲ့ ဒေါ်မိုးနက်, ကို ဆုံးပါးသွားတာကို လုံးဝ မျက်ရည်မကျခဲ့ ... ။

သဂြိုဟ်ခါနီး ကို့အလောင်းကို မျက်တောင်မခတ် စူးစူးစိုက်စိုက် ကြည့်ရှုသာနေသည်။

ကိုနှင့် ပန်းပွင့်ဖြူတို့ရဲ့ သမီးလေး ဇကရီစစ်ကိုတော့ ဒေါ်မိုးနက် က အလွန်ဂရုစိုက်သည်။

ထို့ကြောင့်လည်း ...

ဇကရီစစ်လေးကို သူ့အခန်းထဲခေါ်ကာ သိပ်သည်။

ဘာပဲဖြစ်ဖြစ် ကိုမရှိတော့ပေမယ့် ပန်းပွင့်ဖြူအတွက် ဒေါ်မိုးနက်ဟာ အဖော်ကောင်းတစ်ယောက် ဖြစ်မှာပါဟုတွေးမိ၏။

ကိုနဲ့ပန်းပွင့်တို့ ချစ်ခဲ့ ( ) ဘာ အချိန်တွေအကြာကြီးပြီးမှ –

မိဘတွေ သဘောတူခွင့်ပြုချက်နဲ့ လက်ထပ်ခဲ့ကြတာလေ ...

အခုတော့လည်း ...

မဆုံနိုင်တဲ့ ကံတရားက သူတို့ကို သေကွဲခွဲခဲ့သည်လေ ... ။

□□□



www.burmeseclassic.com

www.burmeseclassic.com

## အေးနားရာရှိနေတယ်ဆိုပြီး

အခန်း (၃)

## ဝိဉာဉ်မြင်သူ

မန်းပွင့်ဖြူလည်း အခုရက်ပိုင်းအတော့်ကို အလုပ်ရှုပ်လို့နေသည်။ သူနားမလည်သည့် ကုမ္ပဏီကအဓိက စာရင်းဇယားများကိုကြည့်၍ ခေါင်းနောက်လာသည်။

"မမ ... ဒီစာရင်းက ကုမ္ပဏီရဲ့လက်ကျန်ငွေစာရင်းပါ။ ငွေက ဘဏ်မှာ ကုမ္ပဏီနာမည်နဲ့ စာရင်းဖွင့်ထားပါတယ်"

ကိုခိုရဲ့ မန်နေဂျာမလေးက စာရင်းဖိုင်တွေကို တစ်ခုချင်း မန်းပွင့်ဖြူကို ရှင်းပြနေရာ စိတ်မပါစွာကြည့်နေရသည်။

"သီရိ ကုမ္ပဏီမှာ တခြားကြီးကြီးမားမား ပြဿနာတွေရှိလား"

"အများစုကတော့ မရှိပါဘူး ...မမ၊ ဘာလို့လဲဟင် ..."

မန်းပွင့်ဖြူက ကြည့်လက်စ စာရင်းဖိုင်ကို စားပွဲပေါ်တင်လိုက်ပြီး ...

---

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"စာရင်းတွေ ကို ရှိစဉ်ကလို ကိုက်တယ်ဆိုရင် ထားလိုက်ပါတော့၊ စာရင်းကိုင်အဖွဲ့နဲ့ သိရှိညှိပြီး လုပ်ထားလိုက် ... မမက ဘာမှ သိပ်သိတာ မဟုတ်ဘူး ..."

"စိတ်ချပါ မမ ... MD က အရှမ်းစနစ်ကျတာ စာရင်းတွေကို ညာလို့ရတာမဟုတ်ပါဘူး"

"အေးပါ မမ ... သိရှိတို့ကိုယုံပါတယ် ... ကြိုးကြိုးစားစား အလုပ်လုပ်ကြပါ ... မမလည်း တဖြည်းဖြည်းနဲ့လေ့လာပါမယ် ... စာရင်းတွေကို ကွန်ပျူတာထဲထည့်ထားလိုက် နောက်ရက် မမ ရောက်လာရင် တစ်ခုတည်း ကြည့်လို့ရတာပေါ့ ..."

"ဟုတ်ကဲ့ပါ ..."

ပန်းပွင့်ဖြူလည်း မှာစရာရှိတာများမှာ၍ ကုမ္ပဏီမှထွက်လာတော့ မိုးတောင်အလွန်ချုပ်နေပြီ ... ကားမောင်းလာရင်း သမီးကေရီစ်အတွက် မုန့်များဝယ်ရန်အတွက် မုန့်ဆိုင်ကြီးတစ်ဆိုင်ရှေ့၌ ကားကိုရပ်လိုက်သည်။

"ကျွီ ..."

"ဟင် ..."

ကားပေါ်မှဆင်းတော့ လမ်းဘေးပလက်ဖောင်းပေါ်၌ လူတစ်ယောက်က သူ့ကိုအသေအချာစိုက်ကြည့်နေ၍ အံ့ဩသွားသည်။

အသားကညိုညို အရပ်ထောင်ထောင်မောင်းမောင်း မျက်နှာလေးထောင့်ကျကျနှင့် ယောကျ်ားပီသချောမောသည့် လူတစ်ယောက်ကို တွေ့ရ၏။

ပန်းပွင့်ဖြူက ထိုလူကိုတစ်ခါမှ မမြင်ဖူး ...





ထို့ကြောင့် ...

မုန့်ဆိုင်ထဲသို့ ဝင်လာခဲ့သည်။

ဆိုင်ထဲရှိ မုန့်များကို တစ်ခုချင်းရွေးချယ်၍ ခြင်းထဲထည့်လိုက်သည်။

"ဟင် ..."

မုန့်များထားရာစင်၏ ရှေ့တည့်တည့်ထိပ်တွင် မတ်တတ်ရပ်လျက် သူ့လှုပ်ရှားပုံကို စိုက်ကြည့်နေသည့် လူတစ်ယောက် ...

သူ့ပုံစံက ပန်းပွင့်ဖြူကို ချောလို့လှလို့ စိတ်ဝင်စားသည့် ပုံစံမျိုး မဟုတ်ဘဲ အထူးအဆန်း တစ်ခုလိုစိတ်ဝင်စားနေသည့်ပုံဖြစ်၏။

ပန်းပွင့်ဖြူလည်း မသိဟန်ဆောင်၍ မုန့်များကိုရွေးကာ ဝယ်နေလိုက်၏။

ထိုလူက သူ့နားသို့ တဖြည်းဖြည်းကပ်လာတာကို ပန်းပွင့်ဖြူ သတိထားမိပေမယ့် ဂရုမစိုက်သည့်ပုံဖြင့် ကိုယ်လုပ်စရာရှိတာကို ဆက်လုပ်နေ၏။

ကောင်တာမှာ ပိုက်ဆံသွားရှင်းတော့လည်း ထိုလူက ဘေးနားမှာ ယောင်လည်လည်လုပ်နေသည်။

ပန်းပွင့်ဖြူလည်း မုန့်များကို အိတ်ထဲထည့်ကာ ဆိုင်ရှေ့သို့ ထွက်လာပြီး ကားပေါ်တက်မည်အပြုတွင် ...

"ဟေ့ ... ခဏလေး"

"ဟင်"

ထိုလူက ပန်းပွင့်ဖြူ အနားကပ်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ... မင်းနဲ့စကားပြောချင်တယ် ဖြစ်မလား"

"ရှင် ..."

ပန်းပွင့်ဖြူ အံ့ဩလို့သွားသည်။ ရောင်းလာသည့် ထိုလူရဲ့ မုံသစ္စာ ကြောင့် ပန်းပွင့်ဖြူ ဘာလုပ်ရမှန်းမသိဖြစ်နေ၏။

"မင်း ... စိတ်အနှောင့်အယှက်ဖြစ်စေမယ့် စကားမျိုးပြောမှာ မဟုတ်ဘူး ... ကိုယ်ပြောမယ့်စကားကို မင်းစိတ်ဝင်စားမှာပါ ..."

ပန်းပွင့်ဖြူက မျက်နှာကိုစောင့်ငဲ့ကြည့်၍ ...

"ကောင်းပြီလေ ... ပြော ..."

"ဒီမှာ မပြောချင်ဘူး ... ဆိုင်တစ်ဆိုင်မှာ သွားပြောမယ်"

"ရတယ် ... ဟိုဘက် လမ်းမပေါ်မှာ Morning Star စားသောက်ဆိုင်ရှိတယ် ... ရှင် အဲဒီကိုလာခဲ့ ကျွန်မစောင့်နေမယ် ..."

"အိုကေ ..."

ပန်းပွင့်ဖြူက ကားပေါ်တက်ကာမောင်းထွက်သွားတော့သည်။

□□□



"ကိုယ့်နာမည် နောင်တရပါ ..."

"ရှင် ..."

ပန်းပွင့်ဖြူ ထိုနာမည်မျိုးကိုမကြားဖူး၍ အံ့ဩလို့နေသည်။

"နောင် ... တ ... ရ ဆိုတဲ့နာမည်က အထူးအဆန်းပါလား ကျွန်မတစ်ခါ မကြားဖူးဘူး ..."

"နောင် ... တ ... ရ မဟုတ်ပါဘူး ... စကားလုံးကိုဆက်ခေါ်ရတဲ့ နာမည်မျိုးပါ နောင်တရ လို့ခေါ်ပါ ..."

နောင်တရက သူ့နာမည်အကြောင်းကိုရှင်းပြနေသည်။

ပန်းပွင့်ဖြူက နောင်တရရဲ့ မျက်နှာချင်းဆိုင်ထိုင်ခုံမှာထိုင်ရင်း–

"ကဲ ... ရှင် ဘာပြောမှာလဲ ... ရှင့်ကြည့်ရတာ ထစ်ခုခုကို စိတ်ဝင်စားနေတဲ့ပုံပဲ ..."

"ဟုတ်တယ် ... ကိုယ် မင်းဘေးကအရိပ်ကို စိတ်ဝင်စားနေတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

ပန်းပွင့်ဖြူ ကြက်သိန်းများထကာ သူ့ဘေး ဘယ်ညာကိုကြည့်သော်လည်း ဘာမှမတွေ့ရ ...

ထို့ကြောင့် ...

"ရှင် ... ဘာပြောတာလဲ ... ကျွန်မဘေးမှာ ဘယ်သူရှိနေလို့လဲ"

"ဟင်း ... ဟင်း"

နောင်တရကမဖြေဘဲ ရယ်လို့နေသည်။ ပြီးတော့ သူ့ရှေ့က ကော်ဖီခွက်ကို မသောက်ဘဲ အဓကြောင်းမဲ့မွှေနေ၏။

ပန်းပွင့်ဖြူက စိတ်မရှည်တော့၍ ...

"ပြောလေ ... ပြော ကျွန်မဘေးမှာ ဘယ်သူရှိနေလို့လဲ"

နောင်တရက သူ့ဆံပင်ရှည်ရှည်တို့ မျက်နှာပေါ် ဝဲကျနေတာကို လက်နဲ့သပ်တင်ပြီး ...

"အဲဒီ အရိပ်က မင်းဘေးမှာအမြဲရှိနေမှာ ထားပါလေ ... ကိုယ် မင်းကိုမေးမယ် သူဘာကြောင့်သေရတာလဲ ..."

"ကို သေတာကို ရှင်သိတယ် ..."

နောင်တရက နှုတ်ခမ်းလှုပ်ကာ ပြုံးလိုက်ပြီး ...

"သိတာပေါ့ ပြီးတော့ ... သူ မင်းဘေးမှာရှိနေတယ်လေ"

"ရှင် ..."

ပန်းပွင့်ဖြူ ကြက်သီးတွေထသွား၏။ နောင်တရကတော့ ထုံးစံအတိုင်း ပန်းပွင့်ဖြူကို ပြုံးပြီးစိုက်ကြည့်နေတယ် ...





"ရှင် ... မဟုတ်တာ မပြောပါနဲ့ ... ကို့ရဲ့ဝိညာဉ်ဟာ ကောင်းကင်ဘုံ ရောက်သွားပြီ ..."

"ခင်ဗျား ယုံတာ မယုံတာ ... ခင်ဗျားအပိုင်းပါ။ တစ်ချိန်ချိန်တော့ သူဟာ ခင်ဗျားဘေးနားမှာ ရှိနေတယ်ဆိုတာ သက်သေပြလိမ့်မယ် ..."

"ဟင် ..."

ပန်းပွင့်ဖြူရဲ့မျက်နှာ ဖြူရော်သွား၏။ သူ့ဘေးဘက်ကိုတောင် ရဲရဲမကြည့်ရဲတော့ ...

နောင်တရကဆက်၍ ...

"သူ ... ခင်ဗျားကို ပြောစရာတွေအများကြီးရှိနေတယ် ... ခင်ဗျားနားထောင်မလား ..."

"တော် ... ရှင် မဟုတ်တာတွေပြောမနေနဲ့ ကျွန်မ ကိုကို သိပ်ချစ်တယ် ... ဒါပေမယ့် ကို ဝိညာဉ်ဘဝနဲ့ မကျွတ်မလွတ်ဖြစ်နေမှာတော့ မလိုလားဘူး ... ကံတရားက ကျွန်မတို့မိသားစုကို ဒီလောက်ထိပဲ ဆုံခွင့်ပေးခဲ့တာကို လက်ခံနိုင်ဖို့ ကျွန်မကြိုးစားနေတယ် ...

ကျွန်မတို့ မိသားစုကို သောကတွေထပ်ပွားအောင် ရှင်မလုပ်ပါနဲ့ ..."

ပန်းပွင့်ဖြူက လေသံခပ်တင်းတင်းနဲ့ ပြောလိုက်တော့ နောင်တရက ...

"ဟုတ်ပြီ ... ကိုယ်ကလည်း အကြောင်းမဲ့ မင်းကို ဒီလိုစကားမျိုးပြောနေတာတော့ မဟုတ်ဘူး ... ကိုယ့်ကို မင်းယောက်ျား အကူအညီတောင်းလို့ပြောနေတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

ပန်းပွင့်ဖြူ နောင်တရ မျက်နှာကိုအလျှင်အမြန် လှမ်းကြည့်လိုက်သည်။

"သူ့ မင်းတို့ သားအမိကို စိတ်မချဘူး ... မင်းတို့အပေါ်ထားတဲ့ သံယောဇဉ်ကြောင့် ဘဝသစ်ဆီမသွားနိုင်သေးဘူး ...

မင်းယုံမယ်ဆိုရင် ကိုယ်ထပ်ပြောမယ် ..."

"..."

ပန်းပွင့်ဖြူက ခေါင်းမညိတ်ပေမယ့် နားထောင်လိုမှန်း နောင်တရ သိလိုက်သည်။

ထို့ကြောင့် ...

"မင်း ... ဘယ်ညွှသွားသွား ဘယ်မှာပဲနေနေ မင်းဘေးနားမှာ သူရှိနေတယ် ..."

နောင်တရရဲ့ တစ်လုံးချင်း စကားလုံးတွေဟာ ပန်းပွင့်ဖြူ နှလုံးသားကို တစ်စစီဆွဲဖြဲသလို ခံစားရတာကြောင့် မျက်ရည်တစ်ပေါက်က ပါးပေါ်လိမ့်ဆင်းလာတော့သည်။

□□□



သူအကူညီသွားတောင်းသူဟာ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)
## ဇီဇာဉ်ကိုကျည်းဆူ

လမ်းတရှောက်လုံး မဲမှောင်လို့နေသည်။ ဒီလမ်းက သူ့အတွက် အဆန်းမဟုတ် ... ကြိမ်ဖန်များစွာ သွားလာနေကြ ဖြစ်တာကြောင့် မှားစရာမလိုဘဲ စိတ်အေးလက်အေး လျှောက်လာ၏။

"အု ... ဝူး ..."

"ဟင် ..."

စူးစူးဝါးဝါး အူလိုက်တဲ့ခွေးအူသံကြောင့် သူ အနည်းငယ်လန့်သွားသည်။

"အု ... ဝူး"

ခွေးတွေက ... ဂ်လာပြီး ဗိုင်းအူကြပြန်သည်။

"တောက် ...





သူ တောက်ခေါက်ပြီး ဟန့်လိုက်ပေမယ့် ခွေးတွေကရပ်မသွားမိုလို့တောင် သဲသဲမဲမဲ အူကြ၏။

"ခက်တာပဲ ... မောင်းလည်း မသွားကြဘူး"

ခပ်ငြိုငြိုပြောရင်း ခြေလှမ်းတို့ကို ရှေ့ဆက်လာခဲ့သည်။ သိပ်မကြာဝါ ခြံကျယ်ကျယ်နှင့် သစ်သားအိမ်လေးတစ်အိမ် ရှေ့ကို သူရောက်လာသည်။

အိမ်လေးက ခြံရဲ့နောက်ဘက်ရောက်လွန်းတာကြောင့် ခြံဝနှင့် အိမ်လေးမှာ အတော့်ကို လှမ်းလှ၏။

အသာစေ့ထားသည့် စည်းရိုးတံခါးလေးကို တွန်းပြီး ခြံထဲဝင်လိုက်သည်။

ထို့နောက် ...

အိမ်လေးဆီသို့ တန်းမတ်စွာလျှောက်လာခဲ့၏။

"မင်း ဒုက္ခတွေကို ကယ်တင်နိုင်တာ သူပဲရှိတယ် ... အဲဒီအိမ်ကို မင်းသွားလိုက် ..."

"ကျွန်တော် အဲဒီအိမ်ကို သိတယ် ... အဘိုး ကျွန်တော် သစ်ခွပင်တွေ စိုက်ဖို့ဝယ်ထားတဲ့ ခြံနဲ့တစ်ခြံကျော်ပဲ ..."

"အင်း ... သူက လူဘဝနဲ့ ပရလောကကိုဆက်စပ်ပေးလို့ရတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ"

အဘိုးအိုရဲ့စကားတို့ကို သူ့နားထဲ ကြားယောင်လို့လာသည်။

"အဘိုး ... သူ ကျွန်တော့်ကိုသိပါ့မလား ပြီးတော့ မြင်လည်း မြင်ရပါ့မလား ..."



www.burmeseclassic.com

www.burmeseclassic.com



"တား ... ဟား"

အဘိုးအိုက အားရပါးရရယ်လိုက်သည်။

"မင်း ... ဘာလုပ်နေလဲ သူအကုန်သိတယ် ... သူမှာ ထူးခြားတဲ့ အစွမ်းတွေရှိတယ် ... ကဲပါ ပြောနေတာကြာပါတယ် မင်းသွားလိုက်"

"ဟုတ်ကဲ့ ... အဘိုး"

သူ အိမ်လေးရှေ့ရောက်တော့ အိမ်ထဲကိုအသာချောင်းကြည့်လိုက်သည်။

"ဟင်"

သူနှင့်အသက်သိပ်မကွာလောက်တဲ့ လူတစ်ယောက် ဖယောင်းတိုင်တစ်တိုင်ရှေ့မှာ ငြိမ်သက်စွာထိုင်နေသည်။

ရုပ်ရည်က ချောချောဖြောင့်ဖြောင့် တောက်ပတဲ့ မျက်လုံးတွေ ဖယောင်းတိုင်မီးကို စိုက်ကြည့်နေတာ တစ်စက္ကန့်လေးမှ မျက်တောင်မခတ်။

ပွင့်လျက်ရှိနေတဲ့ တံခါးဝမှ အိမ်ပေါ်သို့ အသာတက်ကာ ထိုလူရဲ့ နောက်ကျောမှာ ဝင်ထိုင်လိုက်သည်။

သိပ်မကြာပါ ...

ထိုလူရဲ့ ပါးစပ်မှ အသံထွက်လာသည်။

"စစ်နိုင်လွင်ဆိုတာလား ..."

"ဟုတ် ... ဟုတ်ပါတယ် ..."

သူ ပြန်ဖြေလိုက်သည်။

"ခင်ဗျားမှာ သောကတွေများနေတယ် ... ခင်ဗျား ကျွန်တော့်ဆီ





က ဘာအကူအညီလိုလို့လဲ"

သူ ဘယ်ကစပြောရမှန်းမသိ၍ စကားကို အစရှာမရဘဲ ဖြစ်နေသည်။

"ပြောပါ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းပြောပါ ... ကျွန်တော် ကူညီနိုင်တာဆို ကူညီပါ့မယ် ... "

"ဒီလိုပါ ကျွန်တော် ကျွန်တော့်မိန်းမနဲ့ သမီးလေးကို သိပ်ချစ်တယ်ဗျာ သူတို့နားမှာ နေခွင့်ရချင်တယ် ... ဖြစ်နိုင်ရင် သူတို့နဲ့ စကားပြောခွင့်ရချင်တယ် ... "

သူ့ရင်ထဲက စကားလုံးတွေ အန်ကျလာသည်။ ထိုသူရဲ့ ပါးစပ်က စကားသံတို့ ချက်ချင်းထွက်မလာသေးပဲနေ၏။

"ဖြစ်နိုင်ရင် ကျွန်တော့်ကိုကူညီပါ"

"ကျွန်တော်ပြောတာကို သေချာနားထောင်ပါ ... တကယ်တော့ ခင်ဗျားဟာ ပရလောကသားတစ်ဦးဖြစ်သွားပါပြီ ...

လူ့လောကမှာ ဖြစ်ပျက်ခဲ့တာတွေဟာ ခင်ဗျားနဲ့ ဘာမှမဆိုင်တော့ဘူး ... "

"ဟုတ်ပါတယ် ကျွန်တော်သဘောပေါက်ပါတယ် ... ဒါပေမယ့် ကျွန်တော့် မိသားစုကို ကျွန်တော် မခွဲနိုင်ခွာနိုင်သေးပါဘူး ... ကျွန်တော့် မိသားစုနားမှာ နေချင်ပါတယ် ... ကျွန်တော့်ကိုကူညီပါ ... "

သူ့အသံက တုန်ခါနေ၏။

"ဟုတ်ပြီလေ ... ကျွန်တော် ကူညီနိုင်တာ ကူညီပါ့မယ်၊ ခင်ဗျား ဘက်ကလည်း လိုက်နာရမယ့်အပိုင်းကို လိုက်နာပါ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

သူတို့နှစ်ယောက်ရဲ့ သဘောတူညီမှုက တိတ်ဆိတ်စွာနဲ့ပြီးဆုံးသွားခဲ့သည်လေ ... ။

၀၀၀



မိသားစုနားမှာပဲနေချင်ပါတယ်ဆိုရှိ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## သစ်ပင်အောက်ကစာနွေ

"မေမေ ... ဖေဖေက ခုထိပြန်မလာသေးဘူးလားဟင်"

သမီးလေးရဲ့ အမေးက သူ့ရင်ကို နှင့်ခနဲဖြစ်သွားစေတယ်

ပန်းပွင့်ဖြူကတော့ မကြားတာလား ... မကြားဟန်ပဲဆောင်နေတာလား တော့မသိ ... ဘာမှ ပြန်မပြော ... ။

"မေမေ ... သမီးမေးနေတယ်လေ ... ဖေဖေ ဘယ်တော့ ပြန်လာမှာလဲ ... လို့"

"ခက်တာပဲ သမီးရယ် ... ပြန်လာမှာပေါ့ ဖေဖေက ဟိုးအဝေးကြီးမှာ အလုပ်ရှုပ်နေလို့သမီးရဲ့"

ပန်းပွင့်ဖြူက ... သမီးလေးခေါင်းကို အသာပွတ်ပြီး ပြောလိုက်တယ် ...

"ဟင့်အင်း ... မေမေ ဖေဖေ့ကိုခေါ်ပေး သမီးဖေဖေ့ကို အရမ်းသတိရတယ် ခေါ်ပေးပါ ... "





သမီးလေးက ငိုသံစွက်၍ပြောတော့ ပန်းပွင့်ဖြူက ...

"သမီး ... သမီးကို မေမေပြောထားတယ်လေ ... သမီး ဖေဖေ ပြန်လာမှာလို့ ... ဘာလို့ ဇွတ်တရွတ်ပြောနေရတာလဲ"

"မေမေက ပြန်လာမယ်ပဲပြောတာ ဖေဖေကပြန်လာတာလည်း မဟုတ်ဘူး ... ဟီး"

သမီးလေးက ငိုတော့တယ် ...

"ဟာ ... ဒီကလေးက ခက်တော့တာပဲ သမီးအဖေပြန်မလာ သေးတာ မေမေက ဘယ်လိုလုပ်ပေးရမှာလဲ သမီးရယ် ... "

"ဟင့် ... ဟင့်"

ကလေးကငိုတာ မရပ်တော့ ပန်းပွင့်ဖြူလည်း ကလေးကို ချော့သော် လည်း ကလေးက အငိုမရပ်တာကြောင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေတော့ တယ် ...

ကလေးငိုသံကြားလို့လားမသိ ...

ဒေါ်မိုးနက်က သမီးဆီရောက်လာပြီး ခေါက်ချိုတယ် ...

"တိတ်ပါ ကလေးရယ် ... ဘာလို့ ငိုရတာလဲ"

"ဖေဖေ့ကို မတွေ့လို့ ... မေမေက ဖေဖေပြန်လာမယ်ပြောပြီး ပြန်မလာလို့ ... "

"ပြန်လာမှာပေါ့ကွယ် ... သမီးဖေဖေက ဟိုးအဝေးကြီးမှာ ခရီးလွန်နေလို့ပါ ... "

"တကယ်ပြန်လာမှာနော် ... "

"တကယ်ပေါ့ ကလေးရယ် ... "



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးနက် စကားကြောင့် ကလေးကအငိုတိတ်သွားတယ် ခဏကြာတော့ သမီးလေးက ဒေါ်မိုးနက်ပခုံးပေါ်မှာမှေးတင်ရင်း အိပ်ပျော်လို့သွားတော့တယ် ...

"ဒေါ်မိုးနက်ရယ် ပန်းပွင့် ဘယ်လိုလှုပ်ရှမ်းမသိတော့ပါဘူး သမီးလေးက သူ့အဖေကိုပဲ မေးနေတာ ..."

"အင်း ... သေတယ်လို့ပြောလိုက်လည်း ... သေတယ်ဆိုတဲ့ အဓိပ္ပါယ်ကို ကလေးကသိမှာမဟုတ်ဘူး ... အင်းလေ မတွေ့တာကြာရင်လည်း မေ့သွားရင်မေ့သွားလောက်မှာပါ ..."

"ဟင်း ..."

ဒေါ်မိုးနက်ကို ပန်းပွင့်ဖြူ ဘာအဖြေမှမပေးဘဲ သက်ပြင်းကိုသာချလိုက်တော့တယ် ...

ထိုင်ခုံမှာထိုင်ရင်း ကိုနဲ့သူ မင်္ဂလာဆောင်စဉ်က ရိုက်ကူးထားတဲ့ ဓာတ်ပုံဆီ သူ့အကြည့်ရောက်သွားတယ် ...

"ကို" ဆိုတာ သူ့ဘဝရဲ့ အရှင်သခင် ...

သူ့ကိုနားလည်မှု အပေးနိုင်ဆုံး လူသား ...

အခုတော့လည်း ...

သူတို့မိသားစုဘဝထဲက ထွက်သွားခဲ့ပြီလေ ...

□□□



သူ့ရင်တစ်ခုလုံးနင့်နေတယ် သမီးလေးက သူ့ကို တသသနဲ့ မေးနေတဲ့အသံတွေက သူ့နှလုံးသားကို တစ်စစီဆွဲဖွဲ့နေသလိုပါပဲ ...

"သမီးလေး ဖေဖေ သမီးလေးနားမှာ ရှိပါတယ် ..."

ငိုနေတဲ့ သမီးလေးဘေးမှာ ဒူးထောက်ထိုင်ရင်း သူပြောလိုက်ပေမယ့် သမီးလေးက သူ့အသံကို လုံးဝမကြား ...

သူပန်းပွင့်ဖြူကို ကြည့်လိုက်တော့ ညှိုးငယ်နေတဲ့ မျက်နှာနဲ့ သမီးလေးကို ဘယ်လိုအဖြေပေးရမလဲ စဉ်းစားနေတယ် ...

"ပန်းပွင့် ကိုယ် မင်းတို့နားမှာရှိတယ် ... ဘာမှ အားမငယ်နဲ့"

သူလှမ်းပြောလိုက်ပေမယ့် ပန်းပွင့်ဖြူက မကြား ...

"ဟင့် ... ဟင့်"

ရှိုက်ငိုနေတဲ့ သမီးလေးရဲ့ အသံတွေနှစ်သိမ့်နေတဲ့ ဇနီးရဲ့အသံ ဒါတွေကို အားပေးဖို့ သူ့ရဲ့ အသံတွေကထွက်မလာ ...

"ဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်ရင်း ခေါင်းကို အောက်စိုက်ကာ ထိုင်ခုံပေါ်ထိုင်လိုက်သည်။

ဒေါ်မိုးနှက်ရောက်လာပြီး ကလေးကို ပခုံးပေါ်တင်ချော့လိုက်တော့မှ သမီးလေးက တိတ်သွားသည်။

သူ ဘာလုပ်ရမလဲ ... သူ့မိသားစုရဲ့ဘေးမှာ သူရှိနေတယ်ဆိုတာကို သိစေချင်တယ် ...

ကြေကွဲဆို့နင့်နေတဲ့ ပန်းပွင့်ဖြူဖျော့နှာကိုလည်း ဆက်ရှုမကြည့်ရက်တော့ ... လေးကွေးတဲ့ ခြေလှမ်းတွေနဲ့ အိမ်ပြင်ကိုသာ လျှောက်ထွက်လာတယ် ...

ရင်ထဲမှာ ခံစားမှုတွေက တင်းကျပ်လာတယ် ...

ဘယ်ထိအောင် လျှောက်မိမှန်း သူကိုယ်သူမသိတော့ ...

"ဟော့ ... ဘယ်သွားမလို့လဲ"

အမှောင်ရိပ် သစ်ပင်တစ်ပင်အောက်က လှမ်းမေးလိုက်တဲ့ အသံကြားတော့ သူကြည့်လိုက်ရာ လူလတ်ပိုင်း အရွယ်လောက်ရှိသည့် ဝဝမဲမဲ ပုံသဏ္ဍာန်နှင့် ...

"လာပါဦးဗျ ... စကားပြောရအောင် ..."

သူအနည်းငယ် စိတ်ဝင်စားသွားတယ် ... သူနှင့် စကားပြောနိုင်သူက ရှားသလို အခုလို အရေးတယူ ဖိတ်ခေါ်တာလည်း မရှိခဲ့။

အနားသို့လျှောက်လာပြီး သူ့ကို လှမ်းခေါ်သူရှေ့ရောက်တော့—

"ဘာလဲဗျ ..."

"ခင်ဗျားကြည့်ရတာ အတော့်ကိုစိတ်ပျက်နေပုံပဲ ... ဘာတွေ





ဖြစ်နေတာလဲ ... ပြောစမ်းပါဦး"

"အင်း ..."

သူပြောပြဖို့ စကားလုံးကို ဘယ်ကစ စဉ်းစားရမှန်းမသိ။

"ပြောမှာသာ ပြောစမ်းပါဗျာ ..."

"ကျွန်တော့်သမီးလေးက ကျွန်တော့်ကို သိပ်တမ်းတနေတယ်ဗျာ ... ကျွန်တော် မရှိတော့ သူမှာမနေတတ်ရှာဘူး ... ကျွန်တော့်မိန်းမလည်းသနားပါတယ်ဗျာ ... သမီးလေးက သူ့ကို ကျွန်တော်ဘယ်မှာလဲ မေးရင် ဖြေစရာ စကားမရှိဘူး ဖြစ်နေတယ် ..."

"ဟား ... ဟား"

သူကဆို့နင့်စွာပြောတာကို နားထောင်နေတဲ့သူက အားရပါးရ ထရယ်လိုက်တယ် ...

"ခင်ဗျား ဗျာ ... ဒါများ စိတ်မကောင်း ဖြစ်နေရသေးတယ်"

"ဘာဗျ ... ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ"

သူ စိတ်တိုစွာအော်လိုက်တယ် ...

"ကျွန်တော် ပြောပြမယ် ... လူ့ဘဝမှာ ဖြစ်ပျက်ခဲ့တာတွေကို အစွဲအလမ်းနဲ့ လိုက်ပြီး ခံစားနေရင် ခင်ဗျားပဲဒုက္ခရောက်မယ် ... အချိန်တစ်ခုရောက်ရင် သူတို့က ခင်ဗျားကို မေ့သွားမှာ အဲဒီကျရင် ခင်ဗျားနဲ့ပတ်သက်တဲ့ သမိုင်းဟာ သူတို့မှာ မရှိတော့ဘူး"

"ကျွန်တော့် မိသားစုက ခင်ဗျားထင်သလိုတော့ ဖြစ်လာမှာ မဟုတ်ဘူး ... ဘာလို့လဲဆိုတော့ ကျွန်တော်ကလည်း ကျွန်တော့်မိသားစုကို သိပ်ချစ်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကလည်း ကျွန်တော့်ကိုချစ်ကြတယ်လေ _ ”

သူက အသေအချာရှင်းပြတော့ ဝေဝမဲမဲနဲ့ သူက ခေါင်းကို ခပ်လေးလေးခါလိုက်တယ် _

“ဒီမယ် ငါ့ညီ မင်းကိုငါလူ့အဝမှာဖြစ်ခဲ့တာနဲ့ ပတ်သက်ပြီး ပြောပြမယ် ... မင်းတစ်နေ့ ငါ့လိုရင်နာစရာတွေ ကြုံရမှာစိုးလို့ ပြောပြတာ ...”

သူလည်း အသာငြိမ်လို့သာ နားထောင်လိုက်တော့တယ်။

□□□



## ရှပ်ဖျက်နေတဲ့ ကိုယ့်အလောင်း ကိုယ်ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

## တစ္ဆေတာ်ကောင်ရဲ့ဘဝ

သူနာမည်က ကိုဘမြင့် ဆိုက္ကားနင်းတယ် အရက်မသောက် အလောင်းအစား မလုပ်တော့ ဆိုက္ကားသမားချင်း သူ့ကိုလေးစားကြတယ် ... အသက်သုံးဆယ်ကျော်တဲ့အထိ မိန်းမ မယူ မိခင်ကြီးကို ရှာဖွေကျွေးမွေးတော့ အရပ်ထဲက လေးစားကြသည်။

"ကိုဘမြင့် ဒီစာရင်းအတိုင်း ဈေးသွားဝယ်ပေး ဈေးပိုက်ဆံ ဆိုက္ကားခပါ ထည့်ပေးထားတယ် ..."

"ရတယ် မပု ... ရတယ်"

ကိုဘမြင့်ကို အားလုံးကယုံကြတယ် ... ကိုဘမြင့်ကလည်း ဘာလုပ်ပေးပေး စေတနာနဲ့လုပ်ပေးတော့ ... ခိုင်းလိုက်ရင်လည်း တိတိ ကျကျပဲ သူ့ဆိုက္ကားကို စီးချင်တဲ့ ဖောက်သည်တွေကလည်း မနည်းလှ။

ဒါကြောင့်လည်း ဆိုက္ကားသမားဆိုပေမယ့် ဝင်ငွေကကောင်းတော့





မိခင်ကြီးကို ကောင်းကောင်း ကျွေးထားနိုင်သည်။

"သားရယ် အမေလည်း အသက်ကြီးပါပြီ ... အမေမရှိတော့ရင် သားတစ်ယောက်တည်း ယောင်လည်လည်ဖြစ်နေတော့မယ် အိမ်ထောင်ပြုဖို့ စဉ်းစားပါလား ..."

"မဟုတ်တာ အမေရယ် ... ကျွန်တော်ရာတာ တစ်မိမ်းခွဲကျွေး ရမှာပေါ့ ... အမေပဲ ဝအောင်စားစမ်းပါ ..."

ကိုဘမြင့်က ထိုသို့သောလူစားမျိုး ... ဆိုပေမယ့် ...

"ကိုဘမြင့် ကျွန်မ မနက်ငါးနာရီလောက် ငါးသွားတိုက်တာက ပြန်လာမှာ ကားမှတ်တိုင်ကစောင့်နေပါ ... တခြား ဆိုက္ကားသမားတွေ မခေါ်ချင်လို့ ..."

"ရတယ် ... ခင်စန်း လာစောင့်နေမယ်"

ခင်စန်းက ကလေးနှစ်ယောက်အမေ တစ်ခုလပ် သူတို့ရပ်ကွက် ထဲပြောင်းလာတာ မကြာသေး။ ရုပ်ကလေးကလည်း အသင့်အတင့်ရှိသေး တာကြောင့် ယောကျ်ားအချို့က ထိကပါး ရိကပါးလုပ်ချင်သည်။

ကိုဘမြင့်လို လူရိုးလူအကြီးကိုတော့ ခင်စန်းကယုံတယ် ဆိုက္ကားခ ကိုလည်း ကျသင့်တာထက် ပိုပေးတယ် ...

"ကိုဘမြင့် ညကျရင် ကလေးနှစ်ယောက်နဲ့ ကျွန်မကို မာန်အောင် ဘုရားပွဲကို ဆိုက္ကားနဲ့လိုက်ပို့ဦး ... ကလေးတွေက ပူဆာနေလို့ ..."

"ရတယ်လေ ... ရတယ်"

ကိုဘမြင့်က မခင်စန်းခိုင်းလျှင် အချိန်မရွေး ဆိုက္ကားခလည်း ပေးသလောက်သာယူတာ ...



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့လည်း ကိုဘမြင့်တစ်ယောက် မခင်စန်းအပေါ် သံယောဇဉ် တွယ်လာသည်။ မခင်စန်းကလည်း ရိုးသား၍အားကိုးရသော ကိုဘမြင့်ကို သဘောကျကာ နှစ်ယောက်သား လက်ထပ်လိုက်ကြသည်။

မခင်စန်းက ကလေးနှစ်ယောက်အမြင် အမေနှင့် လူလွတ် မောင်နှစ်ယောက်ရှိ၏။

လက်ထပ်ပြီးတော့ ကိုဘမြင့်က မခင်စန်းအိမ်လိုက်နေတယ် ဆိုကြားသမား ဘဝကတော့ မကျွတ်ရှာဘူး ...။

မခင်စန်း မောင်နှစ်ယောက်က လက်ကြောတင်းတာမဟုတ် အရက်သောက် အလောင်းအစားလုပ် တစ်အိမ်လုံးကို ကိုဘမြင့်နှင့် မခင်စန်းက ရှာကျွေးရတာ ...

"ကိုဘမြင့် ရှင်စိတ်ဆာတ်တော့ မကျပါနဲ့ ... သူတို့က ဟိုတုန်းတည်းက အဲလိုပဲနေတာ ဒင်းတို့အိမ်ထောင်မြန်မြန်ကျမှ အေးမှာ"

"အေးပါကွာ ..."

မယားဘက်က အမျိုးတွေ ရှာဖွေကျွေးရပေမယ့် ကိုဘမြင့် မငြိုငြင်ခဲ့ ...

မိခင်ကြီးကိုတော့ အရင်လိုမကျွေးနိုင်တော့ တစ်ခါတရံ မိခင်ကြီးကို ငွေနည်းနည်းပါးပါး သွားပေးတာ မခင်စန်းသိရင် ပြောမဆုံးတော့ ...

"အပိုကုန်ရမယ့်ဟာကို ရှင်တော်တော်လုပ်ပါလား ... ရှင်တစ်သက်လုံး မအေကိုလုပ်ကျွေးလာတာ တော်ရောပေါ့ ...

နောက်တစ်ခါ သွားပေးတယ်ဆိုတဲ့အသံကြားရင် ရှင်နဲ့ ကျွန်မ အပြတ်ပဲ ..."





"အေးပါကွာ ... ငါနောက်မပေးတော့ပါဘူး ..."

ကိုဘမြင့်ကလည်း မယားစကားတစ်ခွန်းပဲ မိခင်ကြီးမှာတော့ စားရမဲ့ သောက်ရမဲ့ ပတ်ဝန်းကျင်က ကောင်းလို့သာ ထမင်းနပ်မှန်ရှာတယ် ...။

ယောက်ဖတွေ ရန်ဖြစ်လည်း ရှင်းလိုက်ရတဲ့ ပြဿနာ မယားပါ ကလေးနှစ်ယောက်က တော်ကြာဆေးခန်း တော်ကြာဆေးခန်းနဲ့ ကုန်လိုက်ရတဲ့ ငွေတွေ ...

အရင်က ရှုကြည်ညိုခံရတဲ့ ကိုဘမြင့် ... ခုတော့ မိခင်ကြီးကို ပစ်ထား မယားကိုဘုရားမှတ်နေတော့ ... အားလုံးရဲ့ချဉ်ဖတ်ဖြစ်သွားတယ် ...

"အို ... ဘယ်သူမှ ဂရုစိုက်စရာမလိုပါဘူး ... ကိုယ့်ရှိမှ ကိုယ်စားရမှာ ရှင်ဂရုစိုက်နေရင် စိုက်တဲ့လူနဲ့သွားနေ အရင်ထဲက ခင်စန်းတို့က ငါးရောင်းပြီး တစ်အိမ်လုံးကိုရှာကျွေးလာတာ ဂရုမစိုက်ဘူး"

"အေးပါကွာ ... အေးပါ"

ကိုဘမြင့် လက်သုံးစကား ခင်စန်းရဲ့အကြမ်းတွေက ကိုဘမြင့်အတွက်တော့ အယုအယတွေ ဖြစ်နေတော့သည်။

□□□



www.burmeseclassic.com

www.burmeseclassic.com

"အိုး"

"အား ... "

ကိုဘမြင့် တစ်ကိုယ်လုံး လေထဲမြောက်တက်လို့သွားတယ်။ မျက်လုံးလည်း ပြာတက်လို့သွားပြီး ခန္ဓာကိုယ်တစ်ခုလုံးလည်း ကြေမွလို့သွားသလို သွေးချင်းချင်းရဲနေတယ် ... ။

"ဟာ ... ငါ ... ငါ"

ကတ္တရာလမ်းပေါ်မှာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေတဲ့ သူ့ခန္ဓာကိုယ် ရစရာမရှိအောင် ပျက်စီးသွားတဲ့ ဆိုက္ကား ...

မလှမ်းမကမ်းမှာ ရပ်နေတဲ့ ဘတ်(စ်)ကားကြီး ...

"ဆိုက္ကားကို ကားတိုက်လို့ဟော့ ... "

"ဟာ ... သေပြီပေါ့ မြင်မကောင်းဘူး ... သွေးတွေ အိုင်ထွန်းနေတယ်"

တစ်ယောက်တစ်ပေါက် စကားသံနှင့်အတူ ...





"ကိုဘမြင့်ကြီးပဲဟဲ့ ... ခင်စန်းကို ပြေးခေါ်သူလင်ကားတိုက်ခံရလို့ ... "

"ရက်စက်တယ်ကွာ ... ကားကအရှိန်ပြင်းပုံရတယ် ... ဆိုက္ကားလည်း သုံးမရတော့ဘူး ... "

အားလုံးကို သူမြင်နေရတယ် ကြားနေရတယ် ပြီးတော့ သူ့အလောင်း ... လူတွေက တဖြည်းဖြည်းများလာပြီး အလောင်းဘေးမှာ ဝိုင်းကြည့်နေကြတယ် ...

"အမလေး ... ကိုဘမြင့်ရဲ့ အဖြစ်ဆိုးလှချည်လား ... ကျေးဇူးရှင်ကြီးရဲ့ ... "

မခင်စန်းရောက်လာပြီး အသံပြဲနဲ့ အော်ငိုတော့သည်။

သူ့အလောင်းနားတော့ မကပ်ဘူး ...

"ရှင့်ကို ကျွန်မတို့အားကိုးနေရတာလေ ... ရှင်ပဲ ကျွန်မတို့ကို တစ်သက်လုံး လုပ်ကျွေးမှာဆို ... အခု ရှင်မရှိတော့ ကျွန်မတို့ကို ဘယ်သူလုပ်ကျွေးမှာလဲ ... ဟီး"

ဝိုင်းကြည့်နေတဲ့ သူတွေက မခင်စန်းကို မင်းသမီးတစ်ယောက်လို ဝိုင်းကြည့်ကြတယ် ...

အကြောင်းသိသူတွေက ...

"အလကားပါဟယ် ကိုဘမြင့်ကြီးကို ခိုင်းကောင်းလို့ ဒင်းက ယူထားတာ သူပြောသလောက် ကြင်နာတာလည်း မဟုတ်ဘူး ... "

"ဟုတ်ပါ့ ... ခင်စန်းအကြောင်း ကျွန်မသိတာပေါ့ ... ကိုဘမြင့်ကြီးက လင်အမည်ခံထားတာ ဒင်းက ငါးဒိုင်းကအထမ်းသမားကောင်လေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခပ်ရှုပ်ရှုပ် ဖြစ်နေတာ …"

တီးတိုးစကားသံတွေ မခင်စန်းရဲ ငိုသံတွေ အားလုံးကို ကြားနေရတဲ့ ကိုဘမြင့်တစ်ယောက် ဘာလုပ်ရမှန်းမသိ —

"ဟင် …"

ကြည့်နေသူတွေ ကြားထဲက တိုးထွက်လာတာ သူမိခင်ကြီး–

"အမေ …"

သူ အမေ့ကို အော်ခေါ်တယ် … အမေက မကြားဘူး သူ့အလောင်းဘေးလျှောက်လာပြီး ဘေးမှာထိုင်လိုက်တယ် —

သူ့အလောင်းရဲ့ လက်တစ်ဘက်ကို အသာဆွဲမပြီး ဆို့နင့်စွာနဲ့ …

"သား — လူလေး လူလေးဟာ အိမ်ထောင်မကျခင်ထိ အမေ့ကို လုပ်ကျွေးခဲ့တဲ့သူပါ ဒီကုသိုလ်တွေကြောင့် အမေ့သား ကောင်းရာသုဂတိလားပါစေလို့ အမေ ဆုတောင်းပေးလိုက်တယ် —"

ပြောပြီး လက်တစ်ဘက်က သွေးတွေ အလိမ်းလိမ်းစွန်းပေနေတဲ့ သူ့ဆံပင်ကို သပ်ပေးလိုက်တယ် … ။

ဝမ်းနည်းနေပေမယ့် အမေက သူ့စိတ်ကို ထိန်းချုပ်ထားပုံရတယ် — သူ့သား ဘဝကူးကောင်းအောင် ဆုတောင်းပေးနေတယ်။

အပြောကောင်းကောင်းနဲ့ မခင်စန်းကတော့ အလောင်းအနား တောင်မကပ်ဘူး …

"အမေ …"

အမေ့ဘေးမှာ ကိုဘမြင့်ထိုင်ချလိုက်တယ် … လက်အုပ်ချီပြီး





အမေ့ကို တရိုတသေ ကန်တော့ပြီး —

"အမေ့ကို သားကန်တော့ပါတယ် … အမေ စားရသောက်ရမဲ့ဘဝဖြစ်အောင် လုပ်ခဲ့တဲ့ သားကို ဘာလို့အပြစ်မတင်တာလဲ အမေရယ် …"

ပြောပေမယ့် အမေကမကြား သူ့ရဲ့နဖူးကိုအသာငုံ့နမ်းပြီး –

"အမေ … သီလရှင်ဝတ်တော့မယ်သား … သားကို အမေ နေ့တိုင်းအမျှဝေပေးပါ့မယ် သားသာခုလာခေါ်ပါ သားရယ် —"

အမေက သူ့ဘေးကထပြီး ဖြည်းဖြည်းချင်းထွက်သွားတော့ နောက်ကနေ ကိုဘမြင့် ရင်ခေါင်းသံကြီးနှင့် …

"အမေ …"

အမေကတော့ … မကြားတော့ …

□□□



www.burmeseclassic.com

www.burmeseclassic.com

## အမေ့ရဲ့မေတ္တာပို့သံတွေ ကြားရတဲ့ အခါမှာတော့ . . .

## အခန်း (၇)

## မေတ္တာပို့တဲ့အမေ

"ဈေးကြော်ကြေးလား ဆယ်သိန်းပဲရပါတယ်အေ ... ဆိုက္ကားမိုးပါအပါတဲ့ ဆိုက္ကားကသူ့အမေဆိုက္ကားလို့ဆိုပေမယ့် ငါနဲ့ရတာညီးက ပါလာလာတာမလား ... အဲဒီတော့ သူ့ကိုတစ်ပြားမှ မပေးနိုင်ပါဘူး ... မကျေနပ်လည်း နေမှပေါ့ ..."

မခင်စန်းက ဗန်းထဲမှာ ခုန်နေတဲ့ငါးတစ်ကောင်ကို လှမ်းထုရင်း ဈေးလာဝယ်တဲ့ မမြင့်ရီကိုပြောတယ် ...

"အဘွားကြီးက အသက်ကြီးပါပြီ နည်းနည်းပါးပါးလောက် ပေးလိုက်ပါ ..."

"အို ... မပေးနိုင်ဘူး သူ့သားရက်လည်ဆွမ်းသွတ်ဖို့ဟောင် တစ်ပြားမှပေးတာမှမဟုတ်တာ ... ကူငွေနဲ့ ဝိုင်းလေးနည်းနည်းပါးပါး လုပ်တာ သုံးသိန်းလောက်တော့ ကျန်ပါတယ် ...

ဒါကလည်း စန်းမြင့်နဲ့ မျိုးမြင့်ကောင်းလို့ သူတို့အပေါင်းအသင်း

www.burmeseclassic.com



တွေ လာဆော့ကြလို့ရတာ ကိုဘမြင့်အပေါင်းအသင်းက ဘာရှိတာမှတ်လို့ ဆိုက္ကားသမားတွေ ကူငွေတစ်ထောင်နဲ့ လာစားတာ ... ”

ခင်စန်းတစ်ယောက်ရဲ့အသံက ဈေးတန်းတစ်တန်းလုံး လွှမ်းနေတယ် ...

ရက်လည်ပြီးတာနဲ့ ဈေးတန်းထွက်တာ ခင်စန်းလည်ပင်းမှာ တစ်ကျပ်သားဆွဲကြိုး လက်ကောက်သုံးကွင်း မျက်နှာမှာ သနပ်ခါးအဖွေးသား ...

“ခင်စန်းက အခုမှ ပိုလှလာတာ သနပ်ခါးကိုဖုံနေတာပဲ”

“ဟဲ့ ... လင်သေတာ ရှင်လာမှာမှမဟုတ်တာ အမြဲငိုနေရမှာလား ... ခင်စန်းတို့က အရင်ကလည်းဒီအတိုင်းပဲ အခုလည်းဒီအတိုင်းပဲ ... ”

လက်ကောက်သံတချွင်ချွင် လည်ပင်းတမော့မော့နဲ့ ပြောတဲ့ ခင်စန်းကို ဈေးသည်အချင်းချင်းတောင် အမြင်ကတ်ကြတယ် ...

“ကိုဘမြင့်ကြီး သေတာတောင် မယားကိုရွှေဆင်ပေးခဲ့တယ် မအေကတော့ သီလရှင်ဖြစ်ရော ... ”

“သီလရှင်ဝတ်တာ သူ့သားကုသိုလ်ရအောင်ဝတ်တာတဲ့ သူ့အိမ်လေးကိုလည်း ရောင်းပြီး ကိုဘမြင့်နာမည်နဲ့ ဘုရားမှာဇရပ်တစ်ဆောင်လှူတာတဲ့ ... ဒါတောင် ခင်စန်းကု သူ့အမွေရမှာ ဘာလို့ရောင်းမှာလဲ ဘာညာနဲ့ ရန်လာတွေ့သေးတယ် ...

အရပ်လူကြီးတွေ ဟောက်မှ ပြန်သွားတာ ... ”

“ခင်စန်းက အတော်ဆိုးတာပဲ အေးလေ ... နဂိုတည်းက





ကိုဘမြင့်ကြီးကို မေတ္တာရှိလို့ ယူခဲ့တာမှမဟုတ်တာ ... ”

အရပ်ထဲမှ မခင်စန်းကို အပြစ်တင်တဲ့ စကားလုံးတွေက အပြည့်အလျှံ ... သို့ပေမယ့် ...

မခင်စန်း ဂရုမစိုက် တစ်လပြည့် ဆွမ်းတောင်သွတ်တာမဟုတ် ဒီလိုနဲ့ တစ်ညမှာ ...

ကိုဘမြင့် မခင်စန်းအိမ်နားကို အသာကပ်သွားတယ် ...

ဘုရားတရားမရှိတဲ့ အိမ်ဆိုတော့ ကိုဘမြင့်အတွက် ဝင်ရထွက်ရတာ လွယ်ကူတယ် ...

“မောင်လေးရယ် ... မမ မင်းကိုအရမ်းချစ်တာပဲသိလား အိမ်ကနေ ပြန်မလွှတ်တော့ဘူးနော် ... ဟင်း ... ဟင်း”

“မလုပ်ပါနဲ့ မမရယ် ... ကျွန်တော်က မမညှို့သည်ဆိုပြီး လာတာမလား ... မမမောင်တွေသိရင် ကျွန်တော့်ကိုသတ်မှာပေါ့”

အခန်းခြင်ထောင်ထဲက ထွက်လာတဲ့ အသံတွေကြောင့် ကိုဘမြင့် ဒေါသတွေ ဆူဝေသွားတယ် ...

“အဲဒီနှစ်ကောင် ဟိုဘက်ရပ်ကွက်မှာ ဖဲသွားရိုက်တယ် မောင်လေးနဲ့ အခုလိုနေရအောင် မမပိုက်ဆံပေးလွှတ်လိုက်တာ ... ”

“မမ ... မမလင်ကြီးသေတာ မကြာသေးဘူး ... မမနဲ့ အခုလိုနေလို့ လာခြောက်ရင် ဘယ်လိုလုပ်မလဲ ... ”

“အိုး ... ခြောက်ကြည့်ပါလား ... မမ ဓားစာမိသွားမှာပေါ့”

ကိုဘမြင့် သူ့စိတ်ကိုဘယ်လိုမှ မထိန်းနိုင်တော့ ထရံကို လက်သီးနဲ့ ထိုးလိုက်တော့ လက်ကကျွံဝင်သွားတယ် ...



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်လုံးကို ကိုင်လှုပ်လိုက်ချင်တယ် ...

အခန်းထဲက သူမကြားချင်ဆုံးအသံတွေ ...

"တောက် ..."

သူဘာလုပ်ရမှာလဲ ... သူ့ဘဝက ဗီညာဉ်ဘဝရောက်နေပြီလေ ... လွှင့်စွာ ဝမ်းနည်းစိတ်နဲ့ လေးလံသောခြေလှမ်းတို့ဖြင့် ခင်စန်းအိမ်ရဲ့ဝေးရာကို သူထွက်လာတယ် ...

"အု ... ရှူး"

လမ်းတစ်လျှောက် ခွေးတွေကလည်း သူ့ကိုကြည့်ပြီး အူကြတယ်၊ သူ ဘယ်မှာနေရမလဲ ... ဘယ်မှာစားရမလဲ ...

"ဟာင် ... "

သူ့ခေါင်းထဲမှာ ဖျတ်ခနဲသတိရလိုက်တာ အမေ ...

"ဟုတ်တယ် ... အမေ့ဆီသွားမယ် ..."

အဲဒီအချိန်မှာပဲ သူ့နားထဲ မေတ္တာပို့သံတွေ ကြားနေရတယ် အဲဒီအသံရှင်ကတော့ သူ့မိခင်ကြီး ဖြစ်နေတော့တယ်လေ ...

□□□



"ငါ့ဘဝတ အဲဒါပဲ ဒီအပင်ကြီးက ငါ့ကို ငါ့အမေကျောင်းက ကျောင်းထိုင် သီလရှင်ကြီး နေရာပေးထားတာ ... ဟိုးမှာကြည့် သီလရှင်ကျောင်းတိုက်ကြီး ... အဲဒီမှာ ငါ့အမေရှိတယ် ငါ့ကို ညတိုင်း အမျှဝေပေးတယ် ...

သာဓုခေါ်ခွင့်ရတော့ ငါအေးချမ်းတာပေါ့ ..."

"သာဓုခေါ်ခွင့်ရရဲ့သားနဲ့ ခင်ဗျားဘာလို့ ပရလောကသား ဖြစ်နေတာလဲ ..."

စစ်နိုင်လွင်က နားမလည်၍မေးတော့ ကိုဘမြင့်က ...

"အကုသိုလ်လေ မအေကို ပစ်ထားတယ် ... မယားနဲ့အတူ ငါး သတ်တယ် ဒီအကျိုးတွေခံရတာပေါ့ကွာ ..."

"ခင်ဗျား ဘယ်တော့ကျွတ်မလဲ ..."

"အချိန်တစ်ခုပေါ့ အကုသိုလ်တွေကုန်တဲ့တစ်နေ့ ကျွတ်မှာပေါ့ ငါက မိဘကိုလျှမ်းမျှွးခဲ့တော့ အကုသိုလ်တွေကုန်ရင် ကောင်းတဲ့ဘုံ ရောက်မှာပဲ ..."

ရုပ်ရှင်ဇာတ်အောင်စာစဉ်

www.burmeseclassic.com

www.burmeseclassic.com



တို့ပရလောကသားတွေဟာ ကောင်းမှုနဲ့ မကောင်းမှုပေါ်မူတည်ပြီး ဒုက္ခ သုခ ခံရ စံရတာ ကဲပါ ... မင်းအခု လောလောဆယ် မိသားစုအတွက် ခံစားနေရတာခံစားလိုက်ဦး ... ရင်နာစရာတွေကြုံလို့ စိတ်နာစရာတွေ တွေ့ရင် မင်းမှာ ကုသိုလ်ကောင်းတွေရှိရင် ကောင်းတဲ့ အစရောက်ပြီပေါ့ ...”

ကိုဘမြင့်ကြီးပြောတာကို သူသဘောပေါက်ပေမယ့် ...

“ကျွန်တော်က ခင်ဗျားလိုဖြစ်မှာမဟုတ်ဘူး ... ဘာလို့လဲဆိုတော့ ပန်းပွင့်ဖြူဆိုတဲ့ ကျွန်တော့်ဇနီးက ကျွန်တော့်ကို ချစ်တယ်ဗျ”

“အေးပါကွာ ... စောင့်ကြည့်ရတာပေါ့ ...”

“ခင်ဗျားကို မေးရဦးမယ် ...”

“ဘာလဲကွ ...”

ကိုဘမြင့်က မေးတော့ စစ်နိုင်လွင်က ...

“ကျွန်တော်တို့တွေ တစ်ခုခုကို ကိုင်တွယ်လို့ရလားဟင်”

“ဟား ... ဟား ... ဟား”

ကိုဘမြင့်က အားရပါးရ ရယ်တယ် ...

“ဘာလဲဗျ ... ခင်ဗျားက ...”

“အေး ... တို့တွေက စိညာဉ်တွေ ဘယ်ဟာကိုသွားထိလို့ ကိုင်လို့ရမှာလဲ ...”

“အင်း ...”

စစ်နိုင်လွင် စိတ်ဓာတ်ကျသွားတယ် ... ကိုဘမြင့်က စဉ်းစားပြီး ...





“တစ်ခုတော့ရှိတယ် ... အရာဝတ္ထုပစ္စည်းတွေကို ထိနိုင်တာ လောက်တော့ လုပ်နိုင်တာရှိတယ် ...”

“ဟုတ်လား ... ခင်ဗျား လုပ်တတ်လား ... ကျွန်တော့်ကို ပြောပြပေးပါလား ...”

ကိုဘမြင့်က ခေါင်းရမ်းလိုက်တယ် ...

“ငါတော့ မလုပ်တတ်ဘူး ... အဝေးပြေးက တစ္ဆေကြီးလုပ်တတ်တယ် ...”

“ဟင် ...”

စစ်နိုင်လွင်လည်း ကိုဘမြင့်ပြောသည့် အဝေးပြေးကားဝင်းထဲသို့ ပြေးထွက်လာခဲ့တော့တယ် ...

□□□



www.burmeseclassic.com

www.burmeseclassic.com

## သူ့ကိုမသက်ဘူး
## ဘာလို့လဲဆိုတော့

## အခန်း (၈)
## ဖိတ်ခေါ်ပွဲ

"ပန်းပွင့် ကျွန်တော့်ခြံထဲမှာ လာမယ့်စနေနေ့ည ပါတီပွဲလုပ်မယ် ... လာခဲ့ပါလို့ ဖိတ်ပါရစေ"

ရဲဇော်က ပန်းပွင့်ဖြူ့အိမ်ကိုရောက်လာပြီး သူ့မွေးနေ့ပါတီပွဲအတွက်လာဖိတ်တော့ ပန်းပွင့်ဖြူက ...

"ပန်းပွင့် လာနိုင်မယ်မထင်ဘူး ... သမီးလေးလည်းရှိတော့ လာဖို့ ဖြစ်မယ်မထင်ပါဘူး ..."

"လာခဲ့ပါ ... ပန်းပွင့်ရဲ့ စစ်နိုင်ဆုံးပြီးတည်းက ပန်းပွင့်လည်း အိမ်ထဲအိမ်ပြင်ကိုမထွက်တော့ဘူး ... စိတ်ပြေလက်ပျောက်ဖြစ်အောင် လာခဲ့ပါ ... ပန်းပွင့် သူငယ်ချင်းတွေလည်း ဖိတ်ထားတယ် သူတို့လည်း လာကြမှာ ..."

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်ဖြူ သူငယ်ချင်းတွေဆို၍ အံ့သြသွား၏။

တကယ်ဆို ပန်းပွင့်ဖြူသူငယ်ချင်းတွေနှင့် ရဲဇော်ကခင်ကြတာ မဟုတ် ...

ပန်းပွင့်ဖြူရဲ့ သမီးလေးကောရီစစ် မွေးနေ့ပါတီလုပ်တော့ ရဲဇော်နှင့် ဆုံရာက ရင်းနှီးခဲ့ကြခြင်းဖြစ်၏။

ဒါကို ရဲဇော်က လိုက်၍ ဖိတ်ခြင်းဖြစ်မည်ဟု ပန်းပွင့်ဖြူတွေး လိုက်သည်။

"ကိုရဲဇော်က ပန်းပွင့်ဖြူသူငယ်ချင်း ဘယ်သူတွေကိုဖိတ်ထား တာလဲ ..."

"နီလာရယ် သရဖီရယ် မချူတို့လည်းပါတယ် ... မျော်စရာ ကြီးဖြစ်မှာ ပန်းပွင့်ရဲ့ လာခဲ့ပါ ... ကျွန်တော် အကုန်စီစဉ်ထားပါတယ်"

ရဲဇော်က အတင်းကိုဖိတ်နေတော့ ပန်းပွင့်ဖြူအားနာလာတယ်။

"ကောင်းပြီလေ ပန်းပွင့် လာနိုင်အောင်ကြိုးစားပါ့မယ်"

"ကျွန်တော် လာကြိုရမလား ..."

"ရပါတယ် လာဖြစ်မယ်ဆိုရင် ကိုယ်တိုင်ပဲကားမောင်းလာမယ်"

"အိုကေ ... ရတယ်"

ရဲဇော် ကျေနပ်သွားတယ် ... ဒီပွဲကလည်း ပန်းပွင့်ဖြူနဲ့သူ ရင်းရင်းနှီးနှီးပိုရှိအောင်လုပ်တဲ့ သီးသန့်ပွဲတစ်ပွဲဆိုရင်လည်း မမှားပါ။

ရဲဇော်ဘဝမှာ မိန်းမပေါင်းများစွာနဲ့ ကြုံခဲ့ဖူးလေပြီ ...

သို့သော် ...

တစ်ယောက်မှကို တစွဲတလမ်းစိတ်မဝင်စားခဲ့ ပန်းပွင့်ဖြူကို





စိတ်ဝင်စားပြီး ချစ်မိတော့ ပန်းပွင့်ဖြူက သူ့သူငယ်ချင်းစစ်နိုင်လွင်နှင့် လက်ထပ်တော့မည်။

အခုတော့ ...

စစ်နိုင်လွင်လည်း သေဆုံးသွားပြီဆိုတော့ ရဲဇော်အတွက် အခွင့် အရေးရခဲ့ပြီ ...

ပြီးတော့ ... စစ်နိုင်လွင်ရဲ့ပိုင်ဆိုင်မှုများ ...

ကုမ္ပဏီမှာ ထည့်ထားတဲ့ ရှယ်ယာတွေက ရဲဇော်ထည့်ထားတာ ဘာမှမဟုတ် သူလုပ်ထားတဲ့ တခြားလုပ်ငန်းတွေကလည်း ဘာမှ မအောင်မြင် နောက်ထပ် ထပ်ထည့်မည့် အရင်းအနှီးကလည်း လိုနေသည်။

"ပန်းပွင့် ကုမ္ပဏီရောက်သေးလား"

"တစ်ပတ် နှစ်ရက်လောက်တော့ ရောက်ပါတယ် _ ဘာလို့လဲ ကိုရဲဇော် ..."

"ဟာ ... တစ်ပတ်နှစ်ရက်က ကုမ္ပဏီကြီးတစ်ခုလုံးကို စီမံ ခန့်ခွဲသူအနေနဲ့ လုံလောက်ပါ့မလား ... ကျွန်တော်လည်း ဒီတစ်ခါ ဒါရိုက်တာအစည်းအဝေးလုပ်ရင် ဥက္ကဋ္ဌရာထူးအတွက် အဆို တင်မယ် ...

ပန်းပွင့်ဖြူ ထောက်ခံမယ်ဆိုရမှာပါ _ ကျွန်တော်ကုမ္ပဏီကြီးကို အခုထက်ပိုအောင်မြင်အောင် လုပ်ပေးချင်တယ်ဗျာ ..."

"အင်း ..."

ပန်းပွင့်ဖြူက စိတ်မပါစွာခေါင်းညိတ်လိုက်၏။ ရဲဇော်ရဲ့ စိတ်ထဲ က အကြံအစည်ကို သူဘာမှမသိတာမဟုတ် ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပြန်ဦးမယ် ... လိုအပ်တာရှိရင် ကျွန်တော့်ကို အချိန်မရွေးဖုန်းဆက်ပါ ..."

"ဟုတ်ကဲ့ ..."

"လာမယ့် စနေနေ့ လာဖြစ်အောင်လာနော် ... ကျွန်တော် ဆက်ဆက်စောင့်နေမယ် ..."

ရဲဇော်က ကားပေါ်တက်ခါနီး မှာဖြစ်အောင် မှာသွားသေးသည်။ ပန်းပွင့်ဖြူ အိမ်ထဲပြန်ဝင်လာတော့ ညှော်ခန်းဗျာရပ်နေတဲ့ ဒေါ်မိုးနက်က ...

"ပန်းပွင့် သူဘာလာလုပ်တာလဲ ..."

လေသံကခပ်ထင်းထင်း ...

"ပါတီပွဲလာဖိတ်တာ ဒေါ်မိုးနက် ... ဘာဖြစ်လို့လဲဟင်"

"သူကြည့်ရတာ ဒေါ်မိုးနက်စိတ်ထဲမှာ တစ်မျိုးပဲ"

"တို့ ... ဟိုလေ ဘာဖြစ်လို့လဲ ဒေါ်မိုးနက်"

ဒေါ်မိုးနက်က ခေါင်းကိုခပ်လေးလေးခါလိုက်၏။

"ဘာရယ်လို့ အဖြေအတိအကျတော့မသိဘူး ... အဲဒီကောင်လေးရဲ့မျက်လုံးတွေက မရိုးသားဘူး ... အကြံအစည် တစ်ခုခုရှိတဲ့ ပုံမျိုးပဲ ..."

"ပန်းပွင့် သူနဲ့ပတ်သက်ပြီး ဘယ်လိုနေရမှာလဲ ဒေါ်မိုးနက်"

ဒေါ်မိုးနက်က ချက်ချင်းမဖြေ အတန်ကြာအောင် တိတ်နေပြီးမှ ...

"ဖြစ်နိုင်ရင် သူနဲ့ရင်းနှီးအောင်နေပါ ..."





"ရှင် ... ဘယ် ... ဘယ်လို"

"ဟုတ်တယ် ... အဲဒါမှ သူ့ရဲ့အကြံအစည်ရယ် ပြီးတော့ သားသေခဲ့ရတာ ဘာကြောင့်လဲဆိုတာရယ် ... သဲလွန်စရမှာ"

"ဟင် ..."

ပန်းပွင့်ဖြူ ဒေါ်မိုးနက်ကိုကြောင်းငေးပြီး ကြည့်လိုက်သည်။

"သား သေတာ သွေးရိုးသားရိုးမဟုတ်ဘူးလို့ ... ဒေါ်မိုးနက် စိတ်ထဲမှာထင်နေတယ် ... ပြီးတော့ အဲဒီကောင်လေးဟာ သားသေတာနဲ့ပတ်သက်ပြီး တစ်နည်းနည်းဆက်စပ်နေတယ်လို့ ဒေါ်မိုးနက် တွေးမိတယ် ..."

"ပန်းပွင့်ကတော့ ဘာမှမတွေးတတ်အောင်ပဲ၊ ကို ကားမှောက်ပြီးသေတယ် ... ရဲဘက်ကလည်း အကုန်တည်ပြုပြီးပြီ ...

ကိုရဲဇော်နဲ့ ပတ်သက်မှု အဲယ်လိုမှရှိနိုင်မယ်မထင်ဘူး ... ဘာလို့လဲဆိုတော့ ကိုရဲဇော်က ကို့ကို သိပ်ချစ်တာလေ ..."

ဒေါ်မိုးနက်က နှုတ်ခမ်းကိုတွန့်ကို တစ်ချက်မဲ့လိုက်၏။

"အဲဒီကောင်လေးက ပန်းပွင့်နဲ့မညားခင်တည်းက သားနဲ့ခင်ကြတာ ဒေါ်မိုးနက်သိတယ် ... စကားပြောချိုတယ် သူလုပ်ချင်တာကို ဖွတ်တာရွှတ်လုပ်တတ်တယ် ...

စိတ်ထဲမှာ တစ်ခုခုကို အမြဲကြံစည်နေတဲ့ လူမျိုးပဲ သားကတော့ သူ့ကိုအမြဲယုံကြည်ခဲ့တယ် ..."

"အဲဒါတွေ ကိုပြောပြလို့ ပန်းပွင့်သိပါတယ် ... ကိုရဲဇော် ပန်းပွင့်ဆီလာတယ် ... ပြောတဲ့ စကားတွေထဲမှာ မရိုးသားတာမပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့ဇာတ်အလုပ်တွေလည်း ကူညီဖို့ပြောတာ …”

ပန်းပွင့်ဖြူက ဒေါ်မိုးနက်အားရှင်းပြတော့ …

“အေးလေ … ပန်းပွင့် သူ့ကိုသတိထားဖို့ပြောတာပါ”

“စိတ်ချပါ ဒေါ်မိုးနက်,ပန်းပွင့်ဘဝမှာ ကိုကလွဲလို့ ဘယ်သူ တစ်ဦးတစ်ယောက်အပေါ်မှာမှ စိတ်မတိမ်းညွှတ်ပါဘူး …”

ပန်းပွင့်ဖြူက သူ့ခံယူချက်ကိုခိုင်မာစွာပြော လိုက်လေတော့ သည်။

□□□



ကားထဲမှာ အတူစီးလာတဲ့ ဇာတ်ရွှေက ရုတ်တရက် . . .

www.burmeseclassic.com

## အခန်း (၉)
## အဖြန်ည

ရဲဇော်ရဲ့ခြံဝင်းထဲမှာတော့ ရောင်စုံမီးလုံးများနှင့် အလှဆင်ထားသလို ပါတီပွဲလာရောက်သည့်သူများ စားသုံးရန်အတွက် စားပွဲများကို ကျနစွာချထားဖေ၏။

ရဲဇော်က ပါတီပွဲလာရောက်သည့် လူများကိုလိုက်လံနှုတ်ဆက်နေသော်လည်း မျက်လုံးမှာ ခြံဝသို့သာရောက်နေသည်။

"အောင်လေး လာစမ်း ..."

"ဟုတ်ကဲ့ ... ဆရာ"

ရဲဇော်က သူ့အပည့်တစ်ယောက်ကို လှမ်းခေါ်လိုက်၏။

"ခြံဝမှာသွားနေ ပန်းပွင့်ဖြူကားလာတာနဲ့ ငါ့ဆီအမြန် အကြောင်းကြား ..."

"ဟုတ်ကဲ့ ... ဆရာ"





အောင်လေးက ခြံဝသို့သွားကာ ပန်းပွင့်ဖြူအလာကိုစောင့်၍နေလေ၏။

ရဲဇော်အတွက်တော့ ပန်းပွင့်ဖြူဟာ အလွန်တရာမှအရေးကြီးသလို သူ့ဘဝ သူ့လုပ်ငန်းအတွက် ပန်းပွင့်ဖြူကို သူရယူပိုင်ဆိုင်မှ ဖြစ်မည်မလား ... ။

မိန်းမတိုင်း သဘောကျတဲ့ ရုပ်ရည် အပြောအဆိုကောင်းမှုတွေက ရဲဇော်က သူ့ကိုယ်သူ ယုံကြည်မှုပိုစေသည်မလား ...

သူ့ဘေးမှာ ကောင်မလေးတွေ ဘယ်လောက်ပဲဝိုင်းနေပါစေ ... သူ့ စိတ်မဝင်စား ... သူ့အတွက် အရေးအကြီးဆုံးက ... ပန်းပွင့်ဖြူလေ –

"ကိုရဲဇော် သဇ္ဇာတို့လာတယ်နော်"

"ကျေးဇူးပဲ သဇ္ဇာ ထိုင်ပါ ..."

ရဲဇော်က ခေတ်ဆန်စွာဝတ်ထားသည့် သဇ္ဇာဆိုသည့် ကောင်မလေးကို စားပွဲခုံအလွတ်တစ်လုံးတွင် နေရာပေးလိုက်၏။

"ကိုရဲဇော် ထိုင်ဦးလေ ... သဇ္ဇာနဲ့စကားတွေပြောရအောင်"

"နောက်မှပြောကြတာပေါ့ ... သဇ္ဇာရယ် လာတဲ့ဧည့်သည်တွေကို ဧည့်ခံရဦးမယ် ... ဆောရီးနော်"

သဇ္ဇာမျက်နှာမဲ့သွားသည်။

"သူ့မွေးနေ့ပါတီကို အရေးကြီးတဲ့ အလုပ်တွေဖျက်ပြီးလာရတာ သူကတော့ အရေးမစိုက်ဘူး ..."

"မဟုတ်ပါဘူးကွာ ... ကိုယ့်ရဲ့ပွဲမှာ လာတဲ့ဧည့်သည်တွေကို

ကိုယ်မှ ညှော်မခံရင် ဘယ်သူညှော်ခံမလဲ ... နောက်လည်း ... တွေ့လို့ရတာပဲ"

"ပြီးရော ..."

ရဲဇော်တစ်ယောက် သဗ္ဗာဝိုင်းမှထွက်လာပြီး တခြားဝိုင်းများရှိ ညှော်သည်များအား လိုက်လံညှော်ခံလိုက်သည်။

"တူ ..."

သူ့လက်ကိုင်ဖုန်းက အသံမြည်သဖြင့် နားထောင်လိုက်ရာ -

"ဟဲလို ..."

"ဆရာ ... ပန်းပွင့်ဖြူကားလာပြီ"

တပည့်ဖြစ်တဲ့ အောင်လေးက လှမ်း၍ သတိပေးတော့ ရဲဇော်ခြံဝသို့ ခပ်သွက်သွက်လှမ်းလာသည်။

သူ့ခြံဝအရောက်တွင် ပန်းပွင့်ဖြူကားကလည်း ခြံဝအနီး၌ ကားကိုရပ်လိုက်၏။ ရဲဇော်က ကားတံခါးအနီးသို့လျှောက်၍ ကားပေါ်မှဆင်းလာသည့် ပန်းပွင့်ဖြူကို ကြိုလိုက်သည်။

"ပန်းပွင့်ကို ကျွန်တော်စောင့်နေတာ လာမှလာပါ့မလားလို့တော်သေးတယ် ပန်းပွင့်လာလို့ ကျေးဇူးပဲ ပန်းပွင့် ..."

ရဲဇော်ပြောတာကို ပန်းပွင့်က ပြုံးပြလိုက်၏။

တကယ်ဆို အခုပါတီပွဲကို ပန်းပွင့်ဖြူမလာချင်ပါ ...

သို့သော်လည်း ...

ရဲဇော်ရဲ့ အတင်းဖိတ်ကြားမှု ဒေါ်မိုးနက်ရဲ့တိုက်တွန်းမှုတွေကြောင့် လာခဲ့ရခြင်းဖြစ်သည်။





"ကိုရဲဇော်အတွက် မွေးနေ့လက်ဆောင်"

"အိုကေ ... တခြားသူတွေပေးတာထက် ကိုယ်တန်ဖိုးထားပါ့မယ်"

ရဲဇော်က ပန်းပွင့်ဖြူပေးတာကို လှမ်းယူ၍ ပန်းပွင့်ဖြူအားစားပွဲခုံအလွတ်တစ်လုံးဆီသို့ ခေါ်သွားသည်။

စိတ်တာကောင်လေးက အစားအသောက်များကိုလာချတော့-

"ညီလေး ကိုယ့်အတွက်ပါချပေး ..."

"ဟုတ်ကဲ့ ..."

စိတ်တာကောင်လေး ပြန်ထွက်သွားတော့ ရဲဇော်က ပန်းပွင့်ဖြူအား ...

"ကျွန်တော် ပန်းပွင့်လာမှ စားမယ်ဆိုပြီးစောင့်နေတာ"

"ကိုရဲဇော်ကလေ ပန်းပွင့်မလာရင် ဘယ်လိုလုပ်မလဲ"

"ကိုယ် ဘာမှမစားဘူးပေါ့ ..."

ရဲဇော်က ပန်းပွင့်ဖြူအား ရင်းနှီးစွာ စကားတပြောပြောလုပ်နေတော့ တခြားဝိုင်းကကောင်မလေးတွေက လှည့်ကြည့်လှည့်ကြည့် လုပ်နေကြသည်။

ရဲဇော်ပြောတာကို ပန်းပွင့်ဖြူက အစားစားရင်း စိတ်မပါစွာနားထောင်နေရင်းမှ ...

"ကိုရဲဇော် ... တခြားဝိုင်းတွေသွားညှော်ခံဦးလေ"

"ရတယ် ... အရေးမကြီးဘူး ... ပန်းပွင့်သာ ကိုယ့်အတွက်အရေးကြီးတာ ..."

www.burmeseclassic.com



"ရှင် ..."

မထင်မှတ်တဲ့ စကားကိုကြားရတာကြောင့် ပန်းပွင့်ဖြူအံ့သြစွာ ရဲဇော်ကိုလှမ်းကြည့်လိုက်တော့ ရဲဇော်က ပန်းပွင့်ဖြူအား ပြုံး၍ ကြည့်နေသည်။

ထိုသို့ကြည့်တာကို ပန်းပွင့်ဖြူ မနေတတ် ...

ရဲဇော်ကလည်း ရှုပါးလှနစ်တစ်ယောက် ...

"ပန်းပွင့် ထိုင်ဦးနော် ... ကျွန်တော်လာတဲ့ ဧည့်သည်တွေ ဧည့်ခံလိုက်ဦးမယ်"

"ဟုတ်ကဲ့"

ပန်းပွင့်ဖြူ ခေါင်းညိတ်လိုက်သည်။ ရဲဇော်ရဲ့ အကြည့်စူးစူးတွေကို ကြာကြာသည်းမခံနိုင်သလို ...

ယောကျ်ားသေတာ မကြာသေးတဲ့ မုဆိုးမ အသစ်စက်စက် တစ်ယောက်ကို တခြားလူတွေ အထင်သေးမှာ အမြင်တစ်မျိုးဖြစ်မှာ ကြောက်သည်လေ။

ချက်ချင်းထပြန်လို့လည်းကလည်း မဖြစ်တာကြောင့် ဆက်၍ ထိုင်နေလိုက်သည်။ ခဏကြာတော့ ...

ရဲဇော်က ဘူတိုဝီနားလျှောက်လာပြီး စားပွဲရှေ့ရပ်ကာ ...

"ပန်းပွင့်ပြန်ရင် ကိုယ်လိုက်ပို့ပေးမယ် ..."

"အို ... ရပါတယ်"

"ရပါတယ် ... မလုပ်ပါနဲ့ ပန်းပွင့်တစ်ယောက်တည်း ညဘက် ကားမောင်းတာ ကိုယ်စိတ်မချဘူး ..."





ရဲဇော်ကပြော၍ စားပွဲရှေ့မှထွက်သွားပြန်ရာ ပန်းပွင့်ဖြူလည်း စိတ်ပျက်စွာ ထိုင်ခုံနောက်ကျောကိုမှီ၍ ထိုင်နေလိုက်တော့သည်။

□□□



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ် ... မောင်းမယ် ပန်းပွင့်"

"ရပါတယ် ... ပန်းပွင့်မောင်းမယ်"

ပန်းပွင့် စကားတောင် မဆုံးသေး ရဲဇော်က ကားတံခါးကို ဖွင့်ကာ မောင်းသည့်နေရာတွင် ဝင်ထိုင်လိုက်သဖြင့် ပန်းပွင့်ဖြူလည်း ဘေးထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

"ကိုရဲဇော် ညှော်သည့်တွေကို ညှော်ခံရဦးမယ်မလား၊ မလိုက်ဖို့ပါနဲ့ဆို လိုက်ဖို့တယ်"

"အဲဒီလူတွေက အရေးမကြီးပါဘူးလို့ ကိုယ်ပြောပြီးပြီပဲ"

ရဲဇော်က ကားအရှိန်ကိုတင်ရင်းပြောတော့ ဘေးက ပန်းပွင့်က-

"ကိုရဲဇော် ပြန်တော့ ... ဘယ်လိုပြန်မလဲ ပန်းပွင့်ကားပြန် ယူသွားမလား"

"ရတယ် Taxi ငှားပြန်လိုက်မယ်"

"ဒုက္ခခံလို့ ကိုရဲဇော်ရယ် ဒီလမ်းတွေက ပန်းပွင့်ပြန်နေကြပါ"





"ဒုက္ခမဟုတ်ပါဘူး ပန်းပွင့် ... ကိုယ်က ပန်းပွင့်အတွက် ဘာမဆို လုပ်ပေးချင်တာလေ"

"ရှင် ..."

ရဲဇော်က စကားတွေ အငြိအစွန်းပါလာတာကြောင့် ပန်းပွင့်ဖြူ စိတ်ညှစ်သွားသည်။

"ကိုယ် တကယ်ပြောတာ ပန်းပွင့် ... ပန်းပွင့်လိုအပ်တဲ့အချိန် ကိုယ့်ကိုခေါ်လိုက်ပါ၊ ကြိုက်တဲ့အကူအညီတောင်းပါ ကိုယ်ကူညီဖို့အသင့် သင့်ပဲ"

" ... "

ပန်းပွင့်ဖြူက ဘာမှပြန်မပြော ကားရှေ့မှန်မှတစ်ဆင့် အပြင် ဘက်သို့သာ ငေးနေသည်။

ရဲဇော်က ကားမောင်းရင်း ...

"ဟိုး ... အရင်ထဲက ကိုယ် ပန်းပွင့်လိုအပ်တာတွေကို ကူညီချင် တာပါ၊ ဒါပေမယ့် အခွင့်အရေးမရခဲ့ဘူးလေ ... ကူညီဖို့လည်း မသင့်ဘူး မလား ..."

" ... "

"အခုတော့ ဘုရားပေးတဲ့ အခွင့်အရေး ကိုယ်ရပြီလေ ... ကိုယ်မျှော်လင့်ချက်တွေ ပြန်ရှင်သန်လာပြီ ... ဘာပဲဖြစ်ဖြစ် အခုလို ပန်းပွင့်နဲ့ စကားပြောရတာကိုပဲ ကျေနပ်နေပါပြီ ... ပန်းပွင့်ရော ကိုယ့် အပေါ် ... ဟင်"

ရဲဇော် စကားပြောနေရင်း အလွန်ဆိုးဝါးလှသော အပုပ်နံ့ကြီး



www.burmeseclassic.com

www.burmeseclassic.com



ထွက်လို့လာတာကြောင့် လန့်သွားသည်။

ပန်းပွင့်ဖြူကလည်း နှာခေါင်းကိုအလျှင်အမြန်ပိတ်လိုက်၏။

"ဘယ်ကနံတာလဲ ... ဒါ တံခါးမှန်တွေလည်း အလုံပိတ်ထားတာ ... ပြသနာပဲ"

ရဲဖော်ကပြောလည်းပြော လက်တစ်ဖက်က နှာခေါင်းကိုပိတ်ထားလိုက်၏။

"ကိုရဲဖော် ကားကိုအိမ်ရောက်အောင်သာ အမြန်မောင်း"

"ပန်းပွင့် ... ဘယ်ကနံတာလဲ"

"မသိဘူး ..."

ပန်းပွင့်ဖြူက ပြန်ဖြေလိုက်သည်။ ရဲဖော်လည်း ကားကိုအရှိန်အမြင့်ဆုံးတင်ကာမောင်းလာရင်း ပန်းပွင့်ဖြူရဲ့ အိမ်အနားရောက်တော့ နောက်ကြည့်မှန်ဆီ အကြည့်ရောက်သွားရာ ...

"အမလေး ..."

"ကျွီ ..."

ရဲဖော်က လန့်ပြီးအော်လည်းအော် ကားဘရိတ်ကို နင်းလိုက်သဖြင့်ကားက ရပ်လို့သွားသည်။

"ဘာ ... ဘာဖြစ်လို့လဲ ... ကိုရဲဖော်"

"ဟို ... ဟို ... ကျွန်တော်ပြန်တော့မယ် ... ပန်းပွင့်ဖြူ အိမ်လည်းရောက်တော့မှာပဲ"

"ကိုရဲဖော် ... ဘာဖြစ်လို့လဲ"

ရဲဖော်က အလွန်ထိတ်လန့်နေသည်။ မှန်ကိုကြည့်ကာပန်းပွင့်ဖြူက





မေးပေမယ့် ရဲဖော်က ပြန်မဖြေ။ ကားတံခါးကို ဖွင့်ကာဆင်းသွားသည်။

"ကိုရဲဖော် ... နေဦးလေ"

ပန်းပွင့်ဖြူက ကားပေါ်မှဆင်း၍ ရဲဖော်အားနောက်မှလိုက်ခေါ်သော်လည်း ရဲဖော်က ခပ်လှမ်းလှမ်းရောက်မှ လှမ်းပြီး ...

"ပန်းပွင့် ... ကားနောက်ခန်းမှာ စစ်နိုင်ပါလာတယ်"

"ဟင်"

ရဲဖော်က ပြောလည်းပြော လှည့်၍လည်းထွက်သွားသဖြင့် ပန်းပွင့်ဖြူလည်း ကားပေါ်ပြန်တက်ကာ မောင်းလာတော့ ဘာအနံ့မှ မနံတော့ ...

ရဲဖော်ပြောတာကို ပြန်ကြားယောင်ပြီး နောက်ခန်းသို့ကြည့်သော်လည်း ဘယ်သူ့ကိုမှ မတွေ့ရ ...

ရဲဖော်တစ်ယောက် သူစိတ်ထဲထင်ရာကိုပြောသွားတာပဲ ဖြစ်မှာပါဟု စိတ်ထဲ ထင်မိတော့သည်။

□□□



www.burmeseclassic.com

www.burmeseclassic.com

**အလိုလို ပျံတက်လာသည့် စာရွက်များနှင့်အတူ ဝန်းချီထားကြီးပြုတ်ကျလာတာကြောင့် ...**

## အခန်း (၁၀)

## ဘရဲနေတဲ့အခန်း၊

"ဖက် ..."

ခြံစည်းရိုး အုတ်တံတိုင်းအမြင့်ကို ကျင်လည်စွာတက်၍ ခြံအတွင်းမိုင်းသို့ ခုန်ချလိုက်သည့် လူနှစ်ဦး ... သူတို့ကိုယ်ပေါ်မှာတော့ အနက်ရောင်အကျီနှင့် ဘောင်းဘီအနက်တို့ကို ဝတ်လို့ထားသည်။

ညအမှောင်မှာ သူတို့ဝတ်ထားသည့် ဝတ်စုံကြောင့် တော်ရုံလူကမြင်နိုင်ဖို့ခဲယဉ်းလှ၏။

ကျယ်ဝန်းလှသော ခြံဝန်းကျယ်ကြီး၏ မြက်ခင်းပြင်ကိုဖြတ်လျက် ခမ်းနားလှသော တိုက်အိမ်ကြီးအနားသို့ တိုးကပ်လို့သွားသည်။ ထိုအခြေအနေထိ တိုက်အိမ်ကြီးထဲမှ ဘယ်သူမှမရိပ်မိ ... တိုက်ထဲမှ အခြေအနေကို သူတို့ကြည့်လိုက်သော်လည်း ဘာမှထူးခြားမှုမရှိ ငြိမ်သက်နေ၏။

ထို့နောက် ...



www.burmeseclassic.com

အိမ်တံခါးဝ သံမန်းတံခါးကြီးမှသော့ကို ကျင်လည်စွာ ဖွင့်လိုက်သည်။

နောက်တစ်ထပ် ကျွန်းတံခါးကြီး၏ သော့တံခါးကို သူတို့လက်ထဲမှ သံချွန်ချောင်းလေးနှင့် လှည့်ကာ တံခါးကြီးကိုဖွင့်လိုက်သည်။

ပထမဆုံးတွေ့ရသည့်မှာ မဲမှောင်နေသောဧည့်ခန်းကြီး ထိုဧည့်ခန်းကြီးကိုဖြတ်၍ ဆက်လျှောက်လာရာ တံခါးပိတ်ထားသည့် အခန်းတစ်ခန်းရှေ့သို့ ရောက်လာ၏။

"ဒီအခန်းနဲ့တူတယ် ..."

"တံခါးဖွင့်ကြည့်လိုက်လေ ..."

အဖော်ကိုတစ်ယောက်က မေးလိုက်ရာ ပြန်ဖြေသံကတိုးတိုးလေးပြန်ဖြေ၏။

"အေး"

တံခါးလက်ကိုင်ဘုကို လှည့်ဖွင့်လိုက်ရာ သိပ်မကြာခင်မှာပင် အခန်းတံခါးပွင့်လို့သွားသည်။

"ဟာ ... ဒီအခန်းပဲ"

"အင်း ..."

အခန်းထဲမှာတော့ နံရံကပ်ဗီရိုကြီးများနှင့် အလွန်သေသပ်စွာ ပြုလုပ်ထားသည့် စာကြည့်စားပွဲနှင့်တွဲလျက် ဗီရိုငယ်လေး ...

"ကျွိ ..."

တစ်ယောက်ကအခန်းတံခါးကို ပြန်ပိတ်လိုက်ပြီး လက်ထဲက ဓာတ်မီးအသေးလေးကို ထုတ်လိုက်သည်။





"ဘယ်နေရာမှာ အရင်ရှာမလဲ"

"ဗီရိုကြီးထဲမှာ ရှာကွာ ... ငါက ဟိုစားပွဲမှာရှာမယ်"

"အေး ... တွေ့တဲ့စာရွက်စာတမ်းတွေသာ အကုန်အိတ်ထဲထည့် ..."

"အဲလိုမှာလိုက်လို့လား ..."

"မှတ်တယ် ... ပြောနေကြာတယ်ကွာ မြန်မြန်လုပ်အိမ်ထဲက လူတွေနိုးလာရင် ပြဿနာတက်ဦးမယ် ..."

နှစ်ယောက်သား သူတို့လိုချင်တာကိုရှာရန် ဗီရိုတံခါးကိုဖွင့်ဖို့ တစ်ယောက်က လုပ်သလို နောက်တစ်ယောက်က စားပွဲခုံမှာ ဗီရိုငယ်လေးအား ဖွင့်မည်အပြု ...

"ကျွိ ..."

"ဖျင် ..."

"ဟာ ..."

အခန်းတံခါးဖွင့်သံကြားရ၍ ကြည့်လိုက်ရာ ...

"ကျွိ ... ကျွိ ..."

အခန်းတံခါးမှ ဖွင့်သွားလိုက် ပြန်ပိတ်လိုက်နှင့်ဖြစ်နေ၏။

"ဟာ ... ဘာလဲကွ ဘယ်သူမှလည်းမရှိဘဲ တံခါးကဖွင့်လိုက် ပိတ်လိုက် ဖြစ်နေတာလဲ"

"သ ... သရဲ ခြောက် ... တာနဲ့တူတယ်"

တစ်ယောက်က အသံတုန်တုန်နှင့်ပြောလေရာ နောက်တစ်ယောက်ရဲ့ မျက်နှာပျက်သွားသည်။

www.burmeseclassic.com



"ရှပ် ... ရှပ်"

အခန်းထဲတွင် ခြေသံတွေ ကြားရပြန်သည်။ နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

"ရှပ် ... ရှပ်"

"ဘယ် ... ဘယ်သူလဲ အနားမလာနဲ့နော် ... ငါတို့ကိုဘာမှတ်နေလဲ"

တစ်ယောက်က လေသံတိုးတိုးမာမာနှင့်ပြောလိုက်၏။

"ရှပ် ... ရှပ်"

နှစ်ယောက်သား တစ်ယောက်နှင့်တစ်ယောက် တိုးကပ်သွားပြီး ခြေသံထွက်ပေါ်လာရာကို မှန်းဆကာ ဓာတ်မီးနှင့်လိုက်ထိုးကြည့်သော်လည်း ဘယ်သူ့ကိုမှ မတွေ့ရ ...

သူတို့နှစ်ယောက် နောက်သို့တဖြည်းဖြည်း ဆုတ်သွားစဉ်–

"ဒုန်း ..."

"အမလေး ..."

ဗီရိုပေါ်မှ အလှပန်းအိုးအောက်သို့ အလိုလိုပြုတ်ကျလာရာ သူတို့နှစ်ယောက် လန့်သွားကြသည်။

"ဗွီ"

"ဟင် ..."

"ဟာ ..."

အခန်းထဲတွင် ဂျာနယ်စာရွက်များ သူ့အလိုလို ငှက်တစ်ကောင်လိုထပျံလေရာ သူတို့နှစ်ယောက် ကြောက်လွန်း၍ အသားတွေတဆတ်ဆတ်တုန်နေသည်။

"ဝုန်း ..."

"အား ..."

အခန်းနံရံက ပန်းချီကားချပ်ကြီး ပြုတ်ကျသည့်အသံကြောင့် သူတို့နှစ်ယောက်လည်း စိတ်မထိန်းနိုင်ဘဲ အခန်းထဲမှပြေးကာထွက်လာခဲ့ကြတော့သည်။

"ဟား ... ဟား ... ဟား"

ခြံပြင်ရောက်လို့ မဲမှောင်နေသော တိုက်အိမ်ကြီးထဲမှကြောက်မက်ဖွယ်ရယ်မောသံကြီး ထွက်ပေါ်လာတာကို ကြားလိုက်ရလေတော့သည်။

□□□







www.burmeseclassic.com

www.burmeseclassic.com

"ဘောက် ..."

ရဲဖော်ရဲ့ဘောက်ခေါက်သံက လွန်စွာကျယ်လောင်လွန်းလှသည်။ သူ့ရှေ့ထိုင်ခုံမှာ ထိုင်နေသည့် နှစ်ယောက်ကတော့ မျက်နှာလေးငယ်ကာ ခေါင်းတောင်မဖော်ရဲ ...

"ဘာ ... သရဲခြောက်လွှတ်လိုက်တယ် ဟုတ်လား ... အဓိပ္ပါယ်မရှိတာ ..."

"တကယ်ပြောတာ ဆရာ ... ကျွန်တော်တို့ အခန်းထဲထိအောင် ရောက်ပြီးပြီ ... ဆရာမှာလိုက်သလို တွေ့တဲ့စာရွက်စာတမ်းတွေ အိတ်ထဲအကုန်ထည့်ဖို့ လုပ်နေတုန်း ..."

"တော် ..."

ရဲဖော်ရဲ့အသံကြောင့် ပြောနေသူရဲ့အသံတိတ်သွားသည်။

"အဲဒီအခန်းထဲမှာရှိတဲ့ စာရွက်တွေက ငါ့အဖို့အတွက် ဘယ်လောက်အရေးကြီးလည်းဆိုတာ မင်းတို့ကို သေသေချာချာငါမှာလိုက်တယ်လေ ..."





"ဟုတ် ... ဟုတ်ပါတယ်"

"ဟုတ်ရဲ့သားနဲ့ ဘာလို့ရအောင်မယူခဲ့တာလဲ ... မင်းတို့ပြောတော့ မင်းတို့ကိုယ်မင်းတို့ အတော်ဆုံးဖောက်ထွင်းဝိဇ္ဇာတွေဆို အခုတော့အလကားပဲ ... ဘာမှအသုံးမကျတဲ့ကောင်တွေ အဖမ်းမခံရတာတောင် ကံကောင်းတယ်မှတ် ... ငါ့ဆီက အဲဒီကိစ္စအတွက် ငွေကြိုယူထားတာ ... ဘယ်လိုလုပ်မလဲပြော ..."

ရဲဖော်စကားကို နှစ်ယောက်လုံးပြန်မဖြေ ... ငြိမ်သက်နေသည်။ ရဲဖော်က ပို၍ ဒေါသထွက်လာပြီး ...

"ငါ မေးနေတယ်လေ ..."

ထပ်အော်ရာ ...

"ဆရာကြိုက်တာခိုင်းပါ ... ဒီတစ်ခါမလွဲစေရပါဘူး"

"ပြောလိုက်ရင် ဟုတ်နေတာပဲ ... အေး ငါစဉ်းစားလိုက်ဦးမယ် ... ဒီတစ်ခါ ငါခိုင်းတာတော့ သေသေချာချာလုပ်နော်"

"စိတ်ချ ဆရာ ... ဆရာ ..."

နှစ်ယောက်သား အာမခံချက်ပေးလိုက်ရာ ရဲဖော်က ...

"ကဲ ... သွားတော့ မင်းတို့ဘာလုပ်ရမလဲဆိုတာ ငါသေသေချာချာ စဉ်းစားလိုက်ဦးမယ် ... ပြီးရင် ဖုန်းဆက်လိုက်မယ်"

"ဟုတ်ကဲ့ ... ဆရာ၊ ဟုတ်ကဲ့"

"သွားတော့ ..."

သူတို့နှစ်ယောက်ထွက်သွားတော့ ရဲဖော်လည်း ထိုင်ခုံနောက်ကျော်မှီကာ စဉ်းစားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရဲဖော် မင်း ကုမ္ပဏီကရှယ်ယာတွေလည်းပြန်ထုတ်ပြီးပြီ ငါ့ဆီက ယူထားတဲ့ငွေလည်း မနည်းဘူး ... ခု ငွေထပ်လိုပြန်ပြီ ဘာလုပ်မလို့ လဲ ..."

"ငါ အရမ်းအရေးကြီးနေလို့ပါ ... စစ်နိုင်ရယ် ဒီတစ်ခါ မင်းဆီ က ငါငွေအလကားမယူပါဘူး ... ငါ့အိမ်နဲ့ခြံကိုအပေါင်သဘောမျိုး ယူထား တဲ့ထဲက ငွေထပ်ပေးကွာ ..."

စစ်နိုင်လွင် စိတ်ပျက်သွားသည်။ ရဲဖော်ယူထားတဲ့ငွေက အိမ်နဲ့ ခြံတန်ဖိုးမကဖြစ်နေသည်။ သူငယ်ချင်းအချင်းချင်းဆိုတော့ ပြောရမှာလည်း ခက်နေ၏။

"ကုမ္ပဏီက မင်းရှယ်ယာတွေကို ငါဝယ်လိုက်ပြီ ... ကုမ္ပဏီက ဒါရိုက်တာအဖွဲ့တော့ မသိသေးပါဘူး ... အိမ်နဲ့ခြံလည်း ငါ့ဆီမှာထားပြီး ယူတဲ့ငွေက မနည်းတော့ ရှေ့ဆက်မင်းဘယ်လိုလုပ်မလဲ ရဲဖော်"

"ငါ တခြားမှာအလုပ်လုပ်ထားလို့ပါ စစ်နိုင်ရယ် ... ငါငွေ ပေါ်ရင် မင်းဆီကငါအကုန်ပြန်ယူမှာပါ"

"မင်း ငါ့ကိုမညာနဲ့ရဲဖော် ... မင်းဘာလုပ်တယ်ဆိုတာ ငါသိ တယ် ... သူငယ်ချင်း အချင်းချင်းမဖြစ်သင့်တာ မဖြစ်အောင် မင်းကို ပြောတာ အခု မင်းစီးနေတဲ့ကားကလည်း ကုမ္ပဏီကနေ ငှားစီးနေတာ မလား ... မင်း ဘာဖို့ ဂျင်ပိုင်းတွေကို ဒီလောက်စွဲလမ်းနေတာလဲ"

စစ်နိုင်လွင် စကားကြောင့် ရဲဖော်က စိတ်တိုသွားပြီး ...

"တော်စမ်း စစ်နိုင် ဒါငါ့ကိစ္စပါ ... မင်းဆီကငွေယူတာ ငါအလကားယူတာမဟုတ်ဘူး ... တန်ရာတန်ကြေးပေးယူတာ မပေး





နိုင်လည်း နေပေါ့ကွာ ..."

"မင်း ... ဒုက္ခရောက်မှာစိုးလို့ ပြောနေတာ"

"မလိုပါဘူး ... မှတ်ထား စစ်နိုင် ရဲဖော်ဆိုတဲ့ကောင်က ငုပ် ရင်ခဏပဲ ... မင်း မကူညီနိုင်လည်းရတယ် ... အေးလေ ... ငါယူထားတဲ့ ငွေက ငါ့အိမ်နဲ့ခြံထက်ကျော်နေတာကိုး ... မင်းဘယ်ပေးချင်မလဲ ... နေတော့ ငါသွားပြီ ..."

ရဲဖော်က မဲ့ပြုံးပြုံးလျက်သွားတော့ စစ်နိုင်လွင်လည်း စားပွဲ နောက်ကျောကထိုင်ခုံမှာ မှီရင်း သက်ပြင်းချလိုက်သည်။

"ဟင်း ..."

ရဲဖော်က သူမကူညီချင်လို့မဟုတ် ကူညီခဲ့ပေါင်းလည်းများပြီ ပြန်ရ သည်ဟူ၍လည်းမရှိ ...

သူ့အိမ်နဲ့ခြံရဲ့ စာရွက်စာတမ်းတွေကို သူကိုယ်တိုင်ယူလာကာ အရောင်းဝယ် စာချုပ်ချုပ်၍ပေးခဲ့သည်။ ရဲဖော်တစ်ယောက် ငွေလိုတာ မရပ်သေး။

စစ်နိုင်လွင်ဆီက ငွေမရ၍ စိတ်ပျက်လက်ပျက် ဖြစ်သွားသော ရဲဖော်ရဲ့ အကြံအစည်ကိုတော့ စစ်နိုင်လွင် မသိခဲ့ပါချေ။

םםם



www.burmeseclassic.com

www.burmeseclassic.com

**ညှိနှိုးအနံ့ရှားနှင့်အတူ ဘေးဘက်ကိုကြည့်လိုက်တော့ အလောင်းမှုန့်က . . .**

## အခန်း (၁၁)

## ရေစက်တိုက်အစခောင်

"ဗျ ... ဗျ"

လက်ကိုင်ဖုန်းက ထမြည်သဖြင့် အလုပ်ခန်းထဲတွင် ကွန်ပျူတာတစ်လုံးဖြင့် စာရင်းများကြည့်နေသည်။ စစ်နိုင်လွင် ဖုန်းကောက်ကိုင်လိုက်၏။

"ဟဲလို ..."

"စစ်နိုင် ... ငါပါ ရဲဖော်"

"အေး ... ရဲဖော်ပြော ဘာကိစ္စရှိလို့လဲ"

"ငါ အရေးကြီးကိစ္စပေါ်လာလို့ကွာ ... မင်းဆီက ကားခဏငှားချင်တယ် ..."

"ဟင်"

"ဘာလို့လဲ စစ်နိုင် ခဏလေးပါ"

စစ်နိုင်လွင်က ညဆိုင်ခွေလေးသို့ ခရီးသွားစရာရှိသည်။ ရဲဖော်က သူ့ကားကိုငှားတော့ မပေးတော့လည်း မကောင်းပြန် ... ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ပါလား ရဲဇော် ... ငါ့အိမ်မှာ ငါ့မိန်းမပန်းဖွင့်စီးတဲ့ ကားရှိတယ် – သွားယူလိုက်ပါလား – သူ့ကားလည်းကောင်းပါတယ်၊ ငါညရောက်ရင် မန္တလေးသွားမှာ ..."

"ဟင် ... ဟုတ်လား"

ရဲဇော်ခေါင်းထဲ လက်ခနဲအကြံပေါ်သွားသည်။

"ဘယ်လိုလဲ ရဲဇော် ... ဖြစ်ထယ် မဟုတ်လား"

"မဖြစ်ဘူးကွ ... ခဏလေး မင်းကားယူသုံးမှာပါ ... ညနေစောင်းတာနဲ့ လာပို့ပေးမယ်"

"ငါ ခရီးသွားဖို့ ကားကို ဘာမှမပြင်ဆင်ရသေးလို့ ရဲဇော်ရ ဒရိုင်ဘာကလည်း ခွင့်ယူထားတယ် ... ကားကို ငါကိုယ်တိုင်မောင်းသွားရမှာ ..."

စစ်နိုင်လွင်က ဖြေရှင်းချက်ပေးသော်လည်း ရဲဇော်ကမရ။

"ငါ အကုန်လုံး လုပ်လာပေးမယ် စိတ်ချပါ ... ဆီကအစ ထည့်လာပေးမယ်ကွာ ..."

"အေးလေ – မင်းသဘောပဲ လာယူလိုက်"

ဆက်ပြောလည်း ဘာမှထူးလာမှာမဟုတ်တာကြောင့် စစ်နိုင်လွင်က ရဲဇော်ကားလာယူမည့်ကိစ္စကို လိုက်လျောလိုက်၏။

ရဲဇော်လည်း စစ်နိုင်လွင်ကားကို လာယူပြီး သူကိစ္စရှိတာတွေကို သွားပြီး ဝပ်ရှော့တစ်ခုသို့ဝင်၍ ကားကိုသူ့စိတ်တိုင်းကျပြင်စေသည်။

"အစ်ကို ကားက ဘရိတ်သိပ်မကောင်းဘူး – ဟိုင်းဝေးမောင်းလို့ အရှိန်ရှိတာအားပြင်းရင် ဘရိတ်ဖမ်းလို့မိမှာမဟုတ်ဘူး"





ကားပြင်သည့် ဝပ်ရှော့ဆရာကပြောတော့ ရဲဇော်က –

"ကိစ္စမရှိဘူး – ဘရိတ်မကောင်းလေ ကြိုက်လေပဲ"

"ဗျာ ..."

ရဲဇော်စကားကြောင့် ဝပ်ရှော့ဆရာ မျက်လုံးပြူးသွားသည်။ ရဲဇော်က စကားကိုဖာသည့်အနေဖြင့် –

"ဒီလိုပါကွာ – အစ်ကို့ကားကို အစ်ကို့ညီတွေက တက်တက်ပြီး မောင်းလွန်းလို့ ဘရိတ်မမိရင်မောင်းတော့မှာ မဟုတ်ဘူးလေ"

"ဩော် ..."

ဝပ်ရှော့ဆရာက ခေါင်းညိတ်၍ သူလုပ်ပေးစရာရှိတာများကို ဆက်၍လုပ်ပေးသည်။

ခဏကြာတော့ ...

"ရပြီဆရာ ... ဘရိတ်ပါ ပြင်လိုက်ရင်ကောင်းမယ်"

"နေပါစေ ... ရတယ် – ရော့ ... ရော့"

ရဲဇော်က ကျသင့်ငွေကို ရှင်းကာ ဝပ်ရှော့မှကားကိုမောင်းထွက်လာသည်။

စစ်နိုင်လွင်ဆီရောက်တော့ ကားသော့ကိုပေး၍ –

"ရော့ – ငါ ကားနဲ့ပတ်သက်ပြီး လိုအပ်တာအကုန်လုပ်ပြီးပြီ"

"ကျေးဇူးပါပဲ ရဲဇော် ... ငါကလည်း အရေးတကြီးကိစ္စနဲ့မို့ မန္တလေးသွားရမှာ ညဘက်ကားသိပ်မောင်းချင်တာမဟုတ်ဘူး"

"ငါ လိုက်ပေးချင်ပါတယ် မနက်ဖြန်မနက်ချိန်းထားတဲ့ အလုပ်ကိစ္စရှိလို့ မလိုက်ပေးတာ"



www.burmeseclassic.com

"ရပါတယ်ကွာ ..."

"ကျွန်တော်ငါးမယ် စစ်နိုင်၊ ကားထဲမှာတော့ ဆီအပြည့်ပဲ မန္တလေး အထိကောင်းကောင်းမောင်းလို့ရပါတယ်"

"အေး ... အေး"

ရဲဖော်ထွက်သွားတော့ စစ်နိုင်လွင်လည်း မန္တလေးသွားရန်အတွက် ပြင်ဆင်သင့်တာများကို ပြင်ဆင်တော့၏။

အိမ်သို့လည်းလှမ်း၍ ဖုန်းဆက်လိုက်၏။

"တဲလို့ ... မန်းမွှင့် ... ကိုယ်ပါ ကိုယ် မန္တလေးသွားမလို့"

"အိမ်မဝင်တော့ဘူးလား ကို ..."

"မဝင်တော့ဘူးကွာ ... ကိုယ် ဟိုကိုမနက်ရောက်မှဖြစ်မယ်"

"အင်းလေ ... ဒါဖြင့်လည်းပြီးရော စိတ်ချမယ်နော်"

"စိတ်ချ ... စိတ်ချ"

စစ်နိုင်လွင်လည်း ဖုန်းပိတ်ကာ ကားကိုမောင်းထွက်လာသည်။

□□□



တစ်ယောက်တည်း ကားကိုမောင်းလာရင်း မြို့ပြင်ရောက်တော့ ကားကို အရှိန်မြှင့်ကာ ဆက်မောင်းလာသည်။

ညဘက်မှာ ကားကလည်းရှင်းတာကြောင့် အရှိန်အမြင့်ဆုံးတင်ကာ မောင်းလာရင်း အကွေ့တစ်ခုအရောက် ကားကိုဆွဲကွေ့လိုက်ရာ ...

"ဟာ ..."

အရှေ့တည့်တည့်ဝင်လာသည့် ကုန်တင်ကားကိုမြင်တော့ အချိန်မီ ဘရိတ်နင်းလိုက်သော်လည်း ကားဘရိတ်ကမမိဘဲ ကုန်တင်ကားကိုတည့် တည့်ကြီးတိုးမိတော့သည်။

"ဝုန်း ..."

"အား ..."

သူ့ကားတစ်စီးလုံးလေထဲ မြောက်တက်သွားသလို သူ့ခန္ဓာကိုယ် တစ်ခုလုံး စူးနဲ့ဖြစ်သွားပြီး ပြင်းထန်သော ဝေဒနာတစ်ရပ်ခံစားရကာ လုံးဝမှောင်ကျသွားသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

"ဟင် ..."

သူသတိရလို့ကြည့်လိုက်တော့ သူ့ရဲ့ရုပ်အလောင်းခေါင်းထဲမှာလည်း သွေးတွေရွှဲနေသလို ခန္ဓာကိုယ်မှာလည်း ဒဏ်ရာတွေက သွေးအလိမ်းလိမ်း ...

"ဒါ ... ဒါ ... ငါ့ခန္ဓာကိုယ်ပဲ ..."

သူဘယ်လိုမှ မယုံနိုင် ...

သူ့ခန္ဓာကိုယ်ဘေးမှာလည်း တခြားအလောင်းများ တန်းစီနေသည်။

"ဟာ ..."

အေးစက်နေသောအခန်း ... ညှီစို့စို့အနံ့များရစ်သမ်းနေသည့် ဒီအခန်းထဲမှာ သူရောက်နေပြီဆိုတော့ ...

"ဒါ ရေခဲတိုက်ပဲ ... ငါ ... ငါသေသွားပြီလား ... ဟာ မဟုတ်သေးပါဘူး ..."

သူ့ခန္ဓာကိုယ်နားသို့ တဖြည်းဖြည်းကပ်ကာ လက်ကိုကိုင်ကြည့်လိုက်ရာ ...

"ဟင် ..."

ဘယ်လိုမှထိတွေ့မှုမရှိတော့ ... သူထပ်ကြိုးစားကြည့်သော်လည်း ဘယ်လိုမှကိုင်တွယ်လို့မရ ...

"အား ..."

သူ စိတ်ရှိလက်ရှိ ကြုံးအော်လိုက်ရာ လုံနေသည့် အအေးတိုက်အခန်းမှ သူ့အသံက ဟိန်းထွက်နေ၏။





"ဘာဖြစ်နေတာလဲ ..."

သူ့နောက်ကျောမှ အသံညြညြနှင့် အသံကြီးတစ်သံ ထွက်လာသည်။ သူလှည့်ကြည့်လိုက်တော့ ...

"ဟင်"

အဝတ်အစား စုတ်ပြတ်ပြတ်နှင့် ကြောက်မက်ဖွယ်ကောင်းလွန်းသည့် ရုပ်ရည်နှင့်အဘွားကြီးတစ်ယောက် ...

"စွတ်အော်မနေနဲ့ မသာတွေနားငြီးတယ် ..."

"ဗျာ ..."

"မင်းက ကိုယ့်ကိုယ်ကိုယ် ဘာမှန်းမသိဘူးလား"

"အဘွား ... ကျွန်တော့်ခန္ဓာကိုယ်က ဟိုမှာ ... ကျွန်တော် ဘာဖြစ်နေတာလဲ"

"ဘာဖြစ်ရမှာလဲ မင်းလည်းမသာဖြစ်နေပြီပဲ ... ဒါတောင် မသိဘူးလား"

"ဟင် ..."

စစ်နိုင်လွင် ခေါင်းရမ်းလိုက်သည်။ အဘွားအိုပြောတာကို သူ ဘယ်လိုမှလက်မခံနိုင် ...။

"မဟုတ်ဘူး အဘွား ... ကျွန်တော်မသေသေးပါဘူး၊ သေလို့လဲ မဖြစ်ဘူး ..."

"ဟား ... ဟား ... ဟား"

အဘွားအို ကြောက်စရာ မျက်နှာကြီးနှင့် အားရပါးရရယ်မောလိုက်ရာ ...

www.burmeseclassic.com



"အဘွား ... ကျွန်တော့်မှာ မိန်းမလည်းရှိတယ် ... သမီး သေးသေးလည်းရှိတယ် ... မသေပါရစေနဲ့ဦး။ တောင်းပန်ပါတယ် အဘွား ရယ် ...

ဟို ခန္ဓာကိုယ်ဟာ ကျွန်တော့်ခန္ဓာကိုယ်ပါ လွှတ်ရှားလို့ရအောင် ကူညီပေးပါ အဘွားရယ် ..."

"တော်တော်ရယ်ရတဲ့ သူငယ်ပဲ ... သေမင်းအမိန့်ချပြီးတဲ့ လူကို ဘယ်သူမှကယ်ခွင့်မရှိဘူး ... မင်းသေသွားပါပြီ"

စစ်နိုင်လွင်က ချောက်ချားစွာနှင့် ...

"မဟုတ်ဘူး ... ကျွန်တော်မသေဘူး ..."

"ဟား ... ဟား ... ဟား"

အဘွားအိုက အားရပါးရ ရယ်မောလိုက်ပြီး ...

"မှတ်ထား ရေခဲတိုက်မှာ ဘောင်လုပ်ထားတဲ့ အစွေသက်တမ်း မနည်းတော့ဘူး ... ဘယ်မသာမှ ရှင်တယ်လို့ မရှိဖူးဘူးဟေ့ ..."

"ဟာ ..."

အဘွားအိုက ကျယ်လောင်စွာ ဟစ်အော်လိုက်ရာ စစ်နိုင်လွင်လည်း ထိုနေရာမှပြေးထွက်လာခဲ့တော့သည်။

□□□



# ဘာကိုမှကိုင်တွယ်လို့မရတော့ . . .

www.burmeseclassic.com

## အခန်း (၁၂)
## ဘူတာရုံကတဓနွေကြီး

ရထားဘူတာရုံက ညည့်နက်ကြီးဖြစ်တာကြောင့် တိတ်ဆိတ်လို့နေသည်။

နံနက်စောစောထွက်မည့် ရထားကိုစောင့်စီးမည့် လူများလည်း စကြံန်တစ်ခုမှာ အိပ်မောကျနေသူ ဝိုင်းဖွဲ့၍ စကားတီးတိုးပြောနေသူများလည်းရှိနေသည်။

ဘူတာက စကြံန်ပေါင်းဆယ်ခုထက်မနည်းရှိနေတာကြောင့် လူများရှိနေသည့် စကြံန်တစ်ခုလွဲ၍ ကျန်စကြံန်များမှာ တိတ်ဆိတ်နေသည်။

စစ်နိုင်လွင်က စကြံန်လမ်းတစ်လျှောက် လျှောက်လာပြီး လူများရှိနေသည့် စကြံန်နှင့်ဝေးသည့် အစွန်ဆုံးစကြံန်တွင် သူတွေ့လိုသည့် သူကို ရှာလိုက်သည်။





မတွေ့တဲ့အဆုံး၌ ...

"ဦးဖိုးသာ ခင်ဗျား ဘယ်မှာလဲဗျ ... "

အောက်လိုက်ရာ သိပ်မကြာမီ ရထားတွဲဟောင်းတစ်ခုပေါ်မှ ခန္ဓာကိုယ်အလွန်ထွားကျိုင်းသည့် လူကြီးတစ်ဦးဆင်းလာသည်။

"ဟေ့ကောင်လေး လာပြန်ပြီလား ... "

"ဟုတ်တယ် ... ဦးဖိုးသာ မေးစရာရှိလို့ ... "

တစ်ဖက်စကြံန်ထိပ်မှ ဦးဖိုးသာကလျှောက်လာရင်း အော်ပြောနေကြသော်လည်း တခြားစကြံန်မှာထိုင်နေကြသူများက မကြားကြ။

"မင်းကတော့ လုပ်တော့မယ် ... လူတဝကိုတော်တော် သံယောဇဉ်ကြီးတဲ့ကောင် မင်းနဲ့တော့ တော်တော်ခက်တယ် ... "

"လာစမ်းပါ ဦးဖိုးသာရယ် ... ကျုပ်ကို ကူညီတာဆိုလို့ ဦးဖိုးသာပဲရှိတာမလား"

"ကောင်လေးကတော့ လုပ်တော့မယ်"

ဦးဖိုးသာဆိုတဲ့ လူကြီးက စစ်နိုင်လွင်အနားရောက်တော့–

"မင်း နေရာတကာလျှောက်မသွားနေနဲ့ ... ကိုယ့်နေရာနဲ့ကိုယ်နေ ... "

"ဘာလို့လဲဗျ ... ကျွန်တော် ဘယ်သူ့ကိုမှထိခိုက်အောင်မလုပ်ပါဘူး"

"ဟေ့ကောင် ... တို့လောက,က တခြားလောကနဲ့ တူတာ မဟုတ်

www.burmeseclassic.com



ဘူး _ နေရာတိုင်းမှာ သူစည်းနဲ့သူရှိတယ် ... ဝါကာ ဘူတာစောင့်ကြီးမို့ ဘူတာမှာနေလို့ရတာ _ တခြားကောင်လာနေလို့မရဘူး ...

အဲလိုပဲကွ ... တခြားနေရာလည်း ဝါသွားလို့မရဘူး ... လာလာ _ ဟို သံလမ်းမှာ သွားထိုင်ပြောမယ် ...''

"ဒီမှာ ... ပြောတာ ဘာလို့လဲဗျ"

"ဟိုစကြံနိမှာ လူတွေရှိတယ်လေကွာ ... သူတို့ထဲက ကံနိမ့်နေတဲ့လူက ငါတို့ကိုမြင်ရင် ဒုက္ခရောက်မှာစိုးလို့ ..."

"အင်း ... အင်း"

စစ်နိုင်လွင်လည်း ဘူတာစောင့်ကြီးနှင့်အတူ စကြံနိများနှင့် ဝေးရာ မဲမှောင်နေသော သံလမ်းပေါ်၌ထိုင်လိုက်၏။

"ကဲ ... ကောင်လေး ဘာမေးမှာလဲ"

"ဒီလိုဗျ ... ဦးဖိုးသာရဲ့ ကျွန်တော့်အိမ်ကို ဟိုတစ်ညက သူခိုးဝင်တယ် _ ကျွန်တော် တံခါးကိုအဖွင့်အပိတ်လုပ်တယ် စာရွက်တွေ လွှင့်ပစ်တယ် ...

သူခိုးတွေလည်း ကြောက်ပြီးထွက်ပြေးကြတယ် ... လူကို လှမ်းကိုင်တာ ဘယ်လိုမှကိုင်လို့မရဘူး ..."

"ဟား ... ဟား ... ဟား"

ဘူတာစောင့်ကြီးက အားရပါးရ ရယ်မောေ၏။

"လူကို ကိုင်လို့ထိလို့ ဘယ်ရမလဲကွာ _ တခြားသက်မဲ့ပစ္စည်းကို





ကိုင်တွယ်ရတယ်ဆိုတာကလည်း မင်းစိတ်အားထက်သန်လွန်းလို့ ငါသင်ပေးတာကိုရတာ ... တခြားကောင်တွေ သင်နေတာကြာပြီ မရဘူး ... အဓိက,ကစိတ်ပေါ့ကွာ ..."

"မှတ်တယ် ဦးဖိုးသာ _ ကျွန်တော့်မိန်းမနဲ့ ကလေးကို ရဲဘော် ဆိုတဲ့ကောင် မဟုတ်တာလုပ်ဖို့ ကြံစည်နေတယ် _ ကျွန်တော် ကာကွယ် ချင်တယ် ..."

စစ်နိုင်လွင်ပြောတာကို ဘူတာစောင့်ကြီးက စိတ်ဝင်တစားနှင့် နားထောင်ပြီး ...

"ကောင်လေး _ တို့တွေဟာ ပရလောကသားတွေပါ၊ လူ့ထက် အဆင့်အရမ်းနိမ့်သွားပြီ _ သက်မဲ့ပစ္စည်းကိုထိတွေ့ကိုင်တွယ်ခွင့်ရတာနဲ့ တင် မင်းကျေနပ်ပါ ...

လူတွေလို ထိတွေ့ကိုင်တွယ်ခွင့် ဘယ်သူမှမရကြပါဘူး ... မင်းကာကွယ်ချင်တယ်ဆိုရင် တခြားနည်းနဲ့ကာကွယ်ပါ"

"ဟင်"

စစ်နိုင်လွင်က သက်ပြင်းကိုချကာ စိတ်ဓာတ်ကျသွားသည်။ ဘူတာ စောင့်ကြီးက စစ်နိုင်လွင်ပခုံးကို ပုတ်၍ ...

"မင်းဟာ ဓနီးနဲ့ သမီးကိုစွဲလမ်းလို့ ပရလောကထဲရောက်လာ တာပါ _ တကယ်တော့ ... မင်းရောက်မှာကကောင်းတဲ့ဘုံဘဝကိုပါ"

"ဘူတာစောင့်ကြီးရယ် ... ကျွန်တော်လေ ကျွန်တော့်မိန်းမနဲ့



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးကို သိပ်ချစ်တယ်ဗျာ ...”

“အေးပါကွာ ...”

စစ်နိုင်လွင်က ဝမ်းနည်းစွာပြောတာကို ဘုတာစောင့်ကြီးက နားလည်စွာ ခေါင်းညိတ်လိုက်လေတော့သည်။

□□□



“ပန်းပွင့် ... စစ်နိုင်လွင်ရဲ့ ဘဏ်စာရင်းနံပါတ် ချိန်းပြီးပြီလား”

ညနေခင်းတစ်ရက်မှာ ပန်းပွင့်ဖြူအိမ်သို့ ရဲဇော်ရောက်လာပြီး စစ်နိုင်လွင်ကိစ္စကိုမေးသည်။

“ပန်းပွင့်က အာမနားလည်တာမှမဟုတ်တာ ... ကိုဘဏ် စာရင်းက ဒီအတိုင်းပဲ”

“ဟာ ... အဲလိုထားလို့ ဘယ်ဖြစ်မလဲ စာရင်းဖွင့်ထားတဲ့ လူမရှိတော့ရင် ဆက်ခံသူအဖြစ် ဘဏ်မှာလျှောက်ရတယ်လေ”

“ပန်းပွင့်မှမသိတာ ...”

ရဲဇော်က ကောက်ကျစ်စွာပြုံးလိုက်သည်။

“ဒီလိုလုပ်ပါလား ပန်းပွင့် ... စစ်နိုင်ရဲ့ ဘဏ်စာအုပ်နဲ့ မှတ်ပုံတင် ကျွန်တော့်ကိုပေးလိုက် ကျွန်တော်မိတ်ဆွေဘဏ်မန်နေဂျာတစ်ယောက်နဲ့ တိုင်ပင်ပြီး ပန်းပွင့်နာမည်နဲ့ ပြန်လျှောက်လို့ရမလားလို့ မေးပေးမယ် ...”



www.burmeseclassic.com

www.burmeseclassic.com



"အားနာစရာ ကိုရဲဇော်ရယ် ... ကုမ္ပဏီက စိမ့်မနိုင်နေရှာ တစ်ယောက်ကို လုပ်နိုင်ပါ့မယ်"

ပန်းပွင့်စကားကြောင့် ရဲဇော်မျက်နှာပျက်သွားသည်။

"ဘာအားနာစရာလဲ ကျွန်တော်ကူညီပေးမှာပေါ့ ... တခြားလူ တွေဆို စိတ်မချရပဲ ဖြစ်နေပါ့မယ် ..."

"ကိုရဲဇော်အလုပ်များတယ်မလား ... အဲဒါကြောင့်ပါ ..."

ပန်းပွင့်မြူက သဘောရိုးအတိုင်းပြော၏။

"ရပါတယ် အလုပ်ဘယ်လောက်များများ လုပ်ပေးရမှာပေါ့ ဒီကိစ္စကအရေးကြီးတဲ့ ကိစ္စမလား ..."

"အင်းလေ ... ကိုရဲဇော်ကူညီမယ်ဆို ကောင်းတာပေါ့ ... ပန်းပွင့်ရှာထားလိုက်မယ်လေ ... ကိုရဲဇော်ဘဏ်မှာ သွားလုပ်ပေးမယ့် ရက်ရောက်ရင် လာယူမပေါ့ ..."

"အခုယူသွားမယ်လေ ... တစ်ခါတည်းပြီးရောမလား ... ဒီလိုကိစ္စဆိုတာ မြန်မြန်လုပ်မှကောင်းတာမလား ..."

"နေဦး ... ပန်းပွင့် သွားရှာဦးမယ် ..."

ပန်းပွင့်တိုင်ရာမှထ၍ အခန်းတစ်ခုထဲသို့ဝင်သွားရာ ရဲဇော်လည်း နောက်မှလိုက်လာ၏။

ပန်းပွင့်မြူ ဝင်လာတဲ့အခန်းက စစ်နိုင်လွင်အရေးကြီးတဲ့ စာရွက် စာတမ်းတွေထားတဲ့အခန်းဖြစ်သည်။ အခန်းထဲသို့ ပန်းပွင့်ဝင်လိုက်သည် နှင့် ...

"ဟင် ..."





အခန်းထဲတွင် ပွနေသောစာရွက်စာတမ်းများကြောင့် ပန်းပွင့် အံ့သြသွားသည်။

"ဒီအခန်းထဲကို ဘယ်သူဝင်လဲမသိဘူး ..."

"ဘာလို့လဲ ပန်းပွင့် ..."

နောက်မှကပ်ပါလာသည့် ရဲဇော်က ဟန်ဆောင်၍မေး၏။

"အရင်က စာရွက်စာတမ်းတွေ သေချာစီထားတာ ... အခု လို့ပွမနေဘူး"

"အိမ်သားတစ်ယောက်ယောက်များ ဝင်လားမသိဘူး ... ပန်းပွင့်"

"ဟင့်အင်း ... ဘယ်သူမှမဝင်ကြပါဘူး ... ကိုရှိတုန်းက ကိုတစ်ယောက်တည်းဝင်တာ ..."

ပန်းပွင့်က ကြမ်းပြင်ပေါ်ပြန့်ကျဲနေသည့် စာရွက်တို့ကို ကောက် စီရင်းပြောသည်။

ရဲဇော်က ...

"ပန်းပွင့် ဘဏ်တာဒ်နဲ့ မှတ်ပုံတင်ရှာလေ ..."

"အင်း ... အင်း ..."

ပန်းပွင့်က နံရံကပ်ဗီရိုကြီးရှေ့မတ်တတ်ရပ်လိုက်စဉ် ...

"ဂွမ်း ..."

"ဟင် ..."

စားပွဲပေါ်မှ စာရွက်များဖိရန် တင်ထားသည့် ဖန်လုံးမှာအောက် တမံသလင်းပေါ်ကျ၍ ကွဲသွားသည်။



www.burmeseclassic.com

ပန်းပွင့်စိတ်ထဲတစ်မျိုးဖြစ်သွားတာကြောင့် ...

"ကိုရဲဇော် နောက်မှပန်းပွင့်ရှာထားတော့မယ် ..."

"ဟင် ... ဘာ ... ဘာလို့လဲ ပန်းပွင့်"

ပန်းပွင့်ကပြန်မဖြေဘဲ အခန်းအပြင်သို့ထွက်လာသည်။ ရဲဇော်က နောက်မှလိုက်၍ ...

"ပန်းပွင့် ... ကျွန်တော်ရှာလိုက်မယ်လေ ... ဘဏ်ငွေစာရင်းက အရေးကြီးတယ်မလား ..."

"ဟင့်အင်း ... မရှာနဲ့ ကို မကြိုက်ဘူးနဲ့တူတယ်"

"ဘာ ... ဘယ်လို စစ်နိုင်က သေသွားပြီပဲ၊ အခုကိစ္စက ပန်းပွင့်တို့ရသင့်ရထိုက်တာ ရစေချင်လို့လေ ..."

ပန်းပွင့်က ညှော်ခန်းထိုင်ခုံမှာပြန်ထိုင်လိုက်သည်။

"ကိုရဲဇော် စားပွဲပေါ်က ဖန်လုံးလေးဟာ အကြောင်းမဲ့ အောက်ပြုတ်ကျစရာမလိုပါဘူး ... ကို အခန်းထဲမှာရှိနေတယ် ...

ပြီးတော့ ကို မကြိုက်ဘူးနဲ့တူတယ် ..."

"ဘာကိုလဲ ပန်းပွင့် ..."

"ကိုရဲဇော် ဘဏ်စာရင်းချိန်းပေးမယ့်ကိစ္စကိုလေ ..."

ရဲဇော်ရဲ့ မျက်နှာပျက်သွားသည်။

ပြီးတော့ မတ်တတ်ရပ်၍-

"ကျွန်တော်က စေတနာနဲ့ပါ ... အင်းလေ ... ပန်းပွင့်ကျွန်ုပ်ဘက်ကို ဘဏ်စာရင်းချိန်းချင်တဲ့နေ့ပြောပါ ... ကျွန်တော်ကူညီပါမယ် ... သွားဦးမယ် ..."





"ဟုတ်ကဲ့ ..."

ရဲဇော်လည်း စိတ်ပျက်စွာ ပန်းပွင့်ရှေ့မှထွက်လာခဲ့တော့သည်။

□□□



www.burmeseclassic.com

www.burmeseclassic.com

## အသက်ဝင်လာတဲ့ မွေးပွရုပ်များက . . .

## အခန်း (၁၃)

## ဝိညာဉ်ချစ်တဲ့ သမီးလေး

"ဖုတ်"

"ဟင်"

သမီးလေးဆော့နေတဲ့ မွေးပွရုပ်ကလေးက ထိုင်ခုံပေါ်မှအောက်သို့ ပြုတ်ကျသွားသည်။ သမီးလေးက တခြားမွေးပွရုပ်များကို လက်က ဖက်ထားရင်း အောက်ကျနေသည့် မွေးပွခွေးရုပ်ကို ယူရန်ကြိုးစားနေရာ–

"သမီး ... အောက်ဆင်းယူလေ ... ကုန်းမယူနဲ့ အောက်ပြုတ်ကျမယ် ..."

သူပြောတဲ့အသံကို သမီးလေးကမကြား ... ကုန်းရှဲယူနေဆဲ–

"သမီး ..."

သူလည်းမနေနိုင်တော့သဖြင့် မွေးပွရုပ်ကလေးကို အသာမ၍ သမီးလေးလက်ထဲ ထည့်ပေးလိုက်သည်။

"ဟယ် ... ခွေးရုပ်လေးက မတ်တတ်ရပ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးက ဖမ်းသာအားရ ထအော်သည်။ သမီးလေးပျော်နေတာကိုကြည့်ပြီး သူလည်းကြည်နူးလာသည်။

"ဟဲ့ ... ခွေးလေ နင်ကာလမ်းလျှောက်တတ်တယ် ... ဟုတ်လား ... ငါ့ဆီကို လျှောက်လာစမ်း"

သမီးလေးက ခုံပေါ်မှဆင်း၍ မွေးမွေးရုပ်ကလေးကို အခန်းထောင့်မှာသွားထားပြီး လက်ထဲ၌ ဝက်ဝံမွေးပွရုပ်ကိုပိုက်ကာ ခပ်လှမ်းလှမ်းမှာ သွားရပ်နေသည်။

"ဟဲ့ ... လာလေ"

သူ ... ဘာလုပ်ရမလဲ ... ခွေးရုပ်ကလေးက လမ်းလျှောက်တတ်တာမှ မဟုတ်တာ ...

"ဟဲ့ ... ခွေးလေး ငါ့ဆီလာဆို ... ခုနကတော့ မတ်တတ်ရပ်တယ် ... လာစမ်း ... လမ်းလျှောက်လာစမ်း"

သမီးလေးက ခွေးရုပ်ကလေးကို သက်ရှိသတ္တဝါလိုထင်ကာ ခိုင်းနေသည်။

သမီးလေးရဲ့ ဆန္ဒကိုလိုက်လျောဖို့ သူဆုံးဖြတ်လိုက်သည်။

သူ ... ခွေးရုပ်ကလေးကိုကိုင်၍ ဖြည်းဖြည်းချင်း သမီးလေးရှေ့သို့ တိုးပေးရာ ...

"ခစ် ... ခစ် ... ခစ်"

သမီးလေးက အလွန်သဘောကျစွာ ရယ်မောငါ၏။

"လာ ... လာ ငါ့ဆီ မြန်မြန်လာ ..."

ခွေးရုပ်ကလေးက သမီးလေးရှေ့ရောက်တော့ သမီးလေးက





ခွေးရုပ်ကလေးကို ကောက်ချီလိုက်သည်။

"ခစ် ... ခစ် ... နင်အရမ်းတော်တာပဲ လမ်းကောင်းကောင်းလျှောက်တတ်တယ် ဝက်ဝံ၊" နင်က ဘာမှအသုံးမကျဘူး ... အလကားကောင်ကြီး ..."

သမီးလေးက ဝက်ဝံရုပ်ကြီးကို လက်ထဲမှ ပစ်ချကာ ခွေးရုပ်ကလေးကို ချီထား၏။

"အဲဒါကြောင့် နင့်ကိုငါချစ်တာ သိလား ..."

သမီးလေးက ခွေးရုပ်ကလေးကိုချီကာ အားရပါးရနမ်းရှိုက်သည်။ သမီးလေး ဖြစ်လိုတဲ့ ဆန္ဒပြည့်သွားတဲ့အတွက် သူကြည်နူးလို့မဆုံး ...

ကြမ်းပြင်မှာ ပက်လက်လန်နေတဲ့ ဝက်ဝံရုပ်ကိုသူ ဖြည်းဖြည်းချင်းမတ်ပေးလိုက်သည်။

ထိုအခါ ...

ဝက်ဝံကြီးမှာ ထိုင်လျက်အနေအထားဖြစ်သွားတာကို သမီးလေးက တအံ့တသြကြည့်၍ ...

"ဟယ် ... ဝက်ဝံကြီးထိုင်တတ်ပြီ ... ခစ် ... ခစ် လာ နင်လည်းငါ့ဆီလာ ..."

ဝက်ဝံကြီးကိုထိုင်လျက် နောက်မှလှုပ်ကာ သမီးလေးနားကို တိုးကပ်စေလိုက်ရာ ...

"ဟေး ... ဒါမှ ဝက်ဝံကြီးကွ ..."

သမီးလေးက ဝက်ဝံကြီးသူ့နားရောက်တော့ ပွေ့၍ချီလိုက်ပြီး ထအော်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

အခန်းထဲသို့ ပန်းပွင့်ဝင်လာပြီး ...

"သမီး တစ်ယောက်တည်း ဘာတွေအော်နေတာလဲ"

"မေမေ ... ခွေးရုပ်ကလေးလည်း လမ်းလျှောက်တတ်တယ် ဝက်ဝံရုပ်ကြီး သမီးဆီလာတယ် ပျော်စရာကြီး ..."

"ဟင် ..."

ပန်းပွင့်ဖြူက သမီးလေးလက်ထဲက အရုပ်များကို မယုံသလို ကြည့်နေသည်။

"ထကယ်ပြောတာ မေမေရဲ့ ..."

"မဖြစ်နိုင်တာပဲ သမီးရယ် ... သူတို့တွေက အရုပ်တွေပါ ဘယ်လိုလုပ် လမ်းလျှောက်တတ်မှာလဲ"

"သမီး မညာဘူး ... မေမေရဲ့ မေမေမယုံရင် သမီးခေါ်ပြမယ် ..."

သမီးလေးက ခွေးရုပ်ကလေးကို သူနှင့်ခပ်လှမ်းလှမ်းမှာ သွားထားပြီ ...

"ခွေးလေး ... လာ ... လာ"

သမီးလေးကခေါ်တော့ ခွေးရုပ်ကလေးကမလှုပ် ...

"ဟင်"

"ကဲ ... မေမေ မပြောဘူးလား ... သူတို့တွေက အရုပ်တွေပါလို့"

"ဟင့်အင်း ... ခုန လမ်းလျှောက်တယ် ... ခွေးလေးလာလေ ခုနလိုလာ ..."





သမီးလေးကငိုမဲ့မဲ့ဖြစ်လာသည်။ သူလည်း သမီးလေးကိုကြည့်ပြီး စိတ်မကောင်း ...

"လာ ... ဆို ..."

သမီးလေးရဲ့ အသံက ငိုသံတွေ ရောစွက်လာသည်။

သူလည်း ... သမီးလေးရဲ့ ဆန္ဒကိုဖြည့်ပေးလိုတာကြောင့် ခွေးရုပ်ကလေးကို ဖြည်းဖြည်းချင်း ရှေ့တိုးပေးလိုက်ရာ ...

"ဟင် ..."

"ဟေး ... တွေ့လား မေမေ ... ခွေးရုပ်လေး သမီးဆီလာပြီ ... ခစ် ... ခစ်"

သမီးလေးက ဝမ်းသာအားရထအော်ပေမယ့် ပန်းပွင့်ဖြူက အထိတ်တလန့်ဖြင့် သမီးလေးကိုကောက်ချီလိုက်သည်။

"မေမေ ... ခွေးရုပ်လေး သမီးဆီလာနေတယ် ..."

"တော်စမ်း ... သမီး"

ပန်းပွင့်ဖြူက သမီးလေးကိုဟန့်လိုက်၏။

ပြီးတော့ ...

"ရှင် ... ရှင် ဘာလို့ကျွန်မတို့သားအမိကို စိတ်ဒုက္ခရောက်အောင် လုပ်နေတာလဲ"

ပြောလေရာ သူလည်း ပန်းပွင့်ဖြူ ရှေ့တည့်တည့်ရပ်၍ ...

"မဟုတ်ဘူး ပန်းပွင့် ... မင်းတို့ကို စိတ်ဒုက္ခရောက်အောင် ကိုယ်လုပ်တာမဟုတ်ဘူး ... သမီးလေးပျော်အောင် ကိုယ်ဆော့ပေးနေတာ"

သူ့အသံတုန်တုန်နှင့်ပြောတာကို ပန်းပွင့်ဖြူကမကြား ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်သွားပါတော့ ရှင်နဲ့ကျွန်မတို့သားအမိ ဘ၀ခြားသွားပါပြီ ရှင့်ရဲ့သံယောဇဉ်ကို ပန်းပွင့်ထိုးနားလည်ပါတယ် ဒါပေမယ့် ... ဟင့် ဟင့် ..."

"ပန်းပွင့် ..."

ပန်းပွင့်ဖြူကမပြောရင်း မျက်ရည်တွေကျလာတော့ သူဘယ်လိုမှ မခံစားနိုင် ...

သမီးလေးက ...

"မေမေ ... ဘာလို့ငိုတာလဲ"

"သမီးရယ် ..."

သူတို့သားအမိ တစ်ယောက်နှင့်တစ်ယောက်ဖက်ကာငိုလေတော့ ... သူ့နှလုံးသားတွေ တစ်စစီပြုတ်ထွက်ကုန်လေပြီ ...

"အား ..."

ဘယ်လိုမှ မခံစားနိုင်တဲ့အဆုံး အသံကုန်ဟစ်ကာ အိမ်ထဲမှ ပြေးထွက်လိုက်လာခဲ့တော့သည်။

□□□



**ကလေးလာခိုးတဲ့ သူတွေနောက် ဝိညာဉ်ကလိုက်ပြီး ထိုးလိုက်တာရှ . . .**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

## သမီးလေးမရှိရင်

"အောင်ဘု ဖြစ်ပါ့မလား ... အခုကိစ္စက အရမ်းအန္တရာယ်ကြီးတယ်နော် ..."

လင့်ရိုဘာကားနက်ကြီးဘေးတွင် လူနှစ်ယောက်ရပ်ကာ တစ်ယောက်နှင့်တစ်ယောက် စကားပြောနေရာဘေးသို့ သူရောက်သွားသည်။

သူတို့ရပ်နေတာက ပန်းပွင့်ဖြူတို့ခြံနှင့် မလှမ်းမကမ်း လမ်းမတစ်နေရာမှာ ဖြစ်သည်။

"အန္တရာယ်များလည်း လုပ်ရမှာပဲ တင်ဦး ... အကျိုးအမြတ်ရတဲ့ငွေက နည်းမှမနည်းတာ ... ဆရာရဲ့ဇော်က အလုပ်ဖြစ်ရင် ရက်ရောတတ်တာ မင်းသိမှာပါ ..."

"ဟုတ်တော့ဟုတ်ပါတယ် ... ဟိုတစ်ခါက တို့တွေအိမ်ထဲဝင်ပြီး စာရွက်စာတမ်းတွေခိုးတုန်းကလို သရဲခြောက်လွှတ်လိုက်ရင် ဒုက္ခပဲ"





"မင်းကလည်းကွာ ... ခုဟာက အိမ်ပြင်မှာ ညဘက်လည်း မဟုတ်ဘူး ... နေ့လည်ဘက် ဘယ်ကသရဲခြောက်မှာလဲ အိမ်ထဲက ကောင်မလေးကို ခြံပြင်ရောက်အောင်ထုတ်ပြီးရင် ဆရာရဲဇော်ပြောတဲ့ ထောက်ကြံ့ဘက်ကခြံကို ခေါ်သွားရုံပဲမလား ..."

"ဟင်"

သူ့အလွန်စိတ်ပူသွားသည်။ ဒီလူတွေက သူ့သမီးလေး ကေရီစစ်ကို လာခိုးတဲ့သူတွေ ...

သူ ... ဘယ်လိုလုပ်ရမလဲ ...

ခြံထဲကို လှမ်းကြည့်လိုက်တော့ သမီးလေးက ဆော့နေသည်။ သမီးလေး ဘေးနားမှာလည်း ဘယ်သူမှမရှိကြ ...

သူ ခြံထဲသို့ အတင်းပြေးဝင်ပြီး ပန်းပွင့်ဖြူကိုလိုက်ရှာသည်။ မတွေ့ပြီးတော့ ဒေါ်မိုးနက် –

"ဒေါ်မိုးနက် ... ဘယ်သွားနေလဲ ..."

တစ်ယောက်မှကိုမတွေ့ ... အိမ်ရှေ့ ပြန်ထွက်လာတော့ သမီးလေးက ခြံတံခါးဝမှာ အပြင်က လူနှစ်ယောက်နှင့် စကားပြောနေသည်။

"သမီး ဦးတို့ကားပေါ်မှာ ယုန်လေးတွေရှိတယ် လိုက်ကြည့်ပါလား ..."

"ယုန်လေးတွေ ဟုတ်လား ... ယုန်လေးတွေက ချစ်စရာကောင်းလားဟင် ..."

သမီးလေးက စိတ်ဝင်တစားနှင့် ပြန်မေး၏။

"ကောင်းတာပေါ့ ... သမီးရဲ့ ဖြူဖြူဖွေးဖွေးလေးတွေ အရမ်း



www.burmeseclassic.com

www.burmeseclassic.com



လိမ္မာတာ လူတွေရဲ့စကားလည်း နားလည်တယ် ..."

"ဟယ် ... ဟုတ်လား"

"အဟုတ်ပြောတာ လာကြည့်ပါလား သမီးရဲ့ ... ခြံပြင်ထွက်ခဲ့လေ ..."

"ခြံတံခါး မဖွင့်တတ်ဘူး ..."

"ဦး ဖွင့်ပေးမယ်"

အပြင်မှ လူနှစ်ယောက်အနက်တစ်ယောက်က မင်းတုန်းသာ ထိုးထားသော ခြံတံခါးကို ဖွင့်လိုက်၏။

"လာ ... သမီး"

ကလေးကိုချော့ကာ သူတို့ကားဆီခေါ်သွားသည်။

"ဟော့လူတွေ ... ဘာလုပ်တာလဲ ... ဟော့ မလုပ်နဲ့"

သူနောက်က အတင်းပြေးလိုက်ပြီး အော်သော်လည်း သူ့အသံကို ဘယ်သူမှမကြား ...

သူအတင်းပြေး၍ လက်ကိုဆွဲထားသည့်သူ့အား ထိုးလိုက်သော်လည်း သူ့လက်က ခန္ဓာကိုယ်ထဲ ကျွံဝင်သွားသော်လည်း တစ်ဘက်လူက ဘယ်လိုမှ ခံစားရခြင်းမရှိ ...။

"သမီး ခြံထဲပြန်ဝင် ဒီလူတွေ လူကောင်းမဟုတ်ဘူး ... သမီးကို ညာနေတာ ..."

သူပြောတဲ့ အသံကို သမီးလေးလည်းမကြား ... သမီးလေးကိုခေါ်လာတဲ့တစ်ယောက်က ကားထဲသို့ သမီးလေးကိုချီသွင်းလိုက်စဉ် ကျန်တစ်ယောက်က ကားကို အတင်းမောင်းထွက်လို့သွားသည်။





"ဖော့ ... ဘာလုပ်တာလဲ"

သူ့ရဲ့ကျယ်လောင်လှသည့် အသံကြီးက ပတ်ဝန်းကျင်တစ်ခုလုံး ပျံ့လွင့်သွားပေမယ့် ဘယ်သူမှ ကြားခြင်းမရှိ ...

ထိုစဉ် ...

ခြံတံခါးပွင့်လာပြီး ခြံထဲက ထွက်လာတာက ပန်းပွင့်ဖြူနှင့် ဒေါ်မိုးနှက် ...

"သမီးရေ ... သမီး"

"ကေရီစစ် ... သမီးလေး ..."

ပန်းပွင့်ဖြူနှင့် ဒေါ်မိုးနှက်က အလွန်စိတ်ပူစွာ လိုက်ခေါ်ကြသော်လည်း ရှာမတွေ့ကြ ...

"မင်းတို့ ဘာလုပ်နေတာလဲ ... သမီးလေးကို ဟိုလူဆိုးနှစ်ကောင် ခေါ်သွားကြပြီ ..."

သူ ဒေါသထွက်စွာအော်သော်လည်း ပန်းပွင့်ဖြူနှင့်ဒေါ်မိုးနှက် မကြားကြ ...

"ဘယ်လိုလုပ်ကြမလဲ ... ဒေါ်မိုးနှက် သမီးလေးကိုရှာလို့ မတွေ့တော့ဘူး ..."

"ဟိုနား ဒီနားသွားတာလား ... ရှာကြည့်ပါဦးမယ်"

ပန်းပွင့်ဖြူနှင့်ဒေါ်မိုးနှက် ဘယ်လိုပဲရှာရှာ ကေရီစစ်ကို ရှာမတွေ့တော့ ...

"ပန်းပွင့် ရဲစခန်းသာသွားပြီး အကူအညီတောင်းလိုက်"

"ဟုတ် ... ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်ဖြူက ရှိက်ငိုကာ သူ့အားကိုမောင်း၍ ရဲစခန်းသို့ထွက်လာခဲ့လေတော့သည်။

□□□



"ကလေးကို အသက်မသေဘဲ ပြန်လိုချင်ရင် (၄၈)နာရီအတွင်း ငွေသိန်းငါးရာနှင့် လာရွေးပါ ... လာရွေးရမယ့်နေရာကို ဖုန်းဆက်လိုက်မည် ..."

ခြံတံခါးဝတွင် လာညှပ်ထားသော စာရွက်ခေါက်လေးကိုဖြန့်၍ ပန်းပွင့်ဖြူ အကြိမ်ကြိမ်ဖတ်မိသည်။

"ဘာတွေရေးထားလို့လဲ ပန်းပွင့် ... ကျွန်တော့်ကိုပြပါလား"

"အင်း ... "

ရဲဖော်ကတောင်းတော့ ပန်းပွင့်ဖြူက စာရွက်လေးအား ရဲဖော်ကို ပေးလိုက်သည်။

ရဲဖော်က ဖတ်ကြည့်ပြီး ...

"အတော် မိုက်ရိုင်းတဲ့ကောင်တွေ ... ဒါ သက်သက် ငွေညှစ်တာ ... ပန်းပွင့် ဘယ်လိုလုပ်မယ် စိတ်ကူးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမှန်း မသိပါဘူး ... ကိုရဲဇော်ရယ် ရဲစခန်းကို အကြောင်းကြားထားတယ် ..."

"ဟာ ... ရဲတွေ ဘာတွေ တိုင်မနေပါနဲ့ ရဲတိုင်လိုက်လို့ ကလေးကို သတ်ပစ်လိုက်ရင် ဘယ်လိုလုပ်မလဲ ...

ငွေ သိန်းငါးရာဆိုတာ ပန်းပွင့်တို့အတွက် များတာမှ မဟုတ်တာ"

ရဲဇော်က သူလိုတဲ့ဘက်လာစေရန် ပန်းပွင့်ဖြူကို စည်းရုံးပြောဆိုနေ၏။

"မဟုတ်ဘူး ... ကိုရဲဇော် သမီးလေးစပျောက်တည်းက ပန်းပွင့်ရဲစခန်းကို အကူအညီသွားတောင်းထားတာ ..."

"ဟင် ..."

"ပန်းပွင့်ငွေမမက်ပါဘူး ... သမီးလေးကိုပဲ မက်ပါတယ် တကယ်လို့ သမီးလေးကိုသာအသက်ရှင်ရက်မတွေ့ရဘူးဆို ပန်းပွင့် ကိုယ့်ကိုယ်ကိုယ်သတ်သေပစ်မှာ ..."

ပန်းပွင့်ဖြူက ငိုလည်းငို ပြောလည်းပြောလေရာ ရဲဇော်က –

"ကျွန်တော် ကြားဖူးတာက ပြန်ပေးသမားတွေဟာ ငွေပေးရင် ရတယ်ဆိုတာပဲ သူတို့က ငွေလိုချင်လို့ ဒီကိစ္စလုပ်တာမလား"

ပြောလေရာ ... ထိုစဉ် ...

"ငွေလိုတဲ့လူကို ငွေပေးဖို့ ငါလာပြီဟေ့ ..."

လွန်စွာခန့်ညားထည်ဝါလှသည့် အသံကြီးနှင့်အတူ ဧည့်ခန်းထဲသို့ ဝင်လာတာကတော့ မော်ဆရာ ... နောင်တရ ...





"ခင် ... ခင်ဗျား ဘယ်သူလဲ"

ရဲဇော်က မတ်တတ်ထရပ်ကာမေး နောင်တရက ...

"ကျုပ်က ဝိညာဉ်တွေကို ကူညီပေးနေတဲ့ မော်ဆရာပဲ ဝိညာဉ်တွေရဲ့ အလိုဆန္ဒကို ဖြည့်စီးပေးတယ် ... အခု ကျုပ်ကို ဝိညာဉ်တစ်ကောင်က အကူအညီတောင်းနေတယ် ..."

"ဘာလဲဗျ ... ခင်ဗျားပြောတာ ကျွန်တော်နားမလည်ဘူး ပန်းပွင့်သူကိုသိလို့လား ..."

"..."

ရဲဇော်မေးသော်လည်း ပန်းပွင့်ဖြူက ပြန်မဖြေ နောင်တရကိုသာ ကြည့်နေသည်။

နောင်တရ ...

"ဝိညာဉ်ဆိုတာ တခြားလူမဟုတ်ပါဘူး ... ဒီအိမ်က စစ်နိုင်လွင်ပဲ သူ့သမီးကို ပြန်ပေးဆွဲထားတဲ့ကိစ္စ တရားခံကို ဖော်ပေးပါတဲ့ ..."

ပြောတော့ ရဲဇော် မျက်နှာပျက်သွားသည်။

"ဟုတ်တယ်နော် ... အင်း ... ဟုတ်ပြီ"

နောင်တရက ဘေးဘက်သို့လှည့်ကာ တစ်ယောက်ယောက်နှင့် စကားပြောနေသည့်ပုံစံကို ကြည့်၍ ရဲဇော်က ...

"ဟား ... ဟား ... ခင်ဗျားတကယ့်အရူးပဲ ... ကျုပ်ကြည့်ဖူးတဲ့ ရုပ်ရှင်ကားတွေထဲက မော်ဆရာဆိုတဲ့လူတွေဟာ ခင်ဗျားလို ဝတ်ရုံတကားကားနဲ့ ရယ်ရတယ်ဗျာ ...

အခု အပြင်မှာ လက်တွေ့တွေ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... အခု ခင်ဗျားရှေ့ရောက်နေတဲ့ မှော်ဆရာက သူ့သမီးကို ပြန်ပေးဆွဲသွားတဲ့ တရားခံကို ထောင်ထဲပို့ပေးဖို့ ဝိညာဉ်တစ်ကောင်က ပြောနေတယ် ... ဒီတော့ ကလေးကို ဒီအိမ်ရောက်အောင် ပို့ပေးမလား ... ခင်ဗျား ထောင်ထဲသွားမလား ..."

"ဘာ ... ခင်ဗျားက ရူးသလိုကြောင်သလိုနဲ့ ကျုပ်ကိုစွပ်စွဲနေတယ် ... ကျုပ်က ဘာလုပ်နေလို့လဲ ကျုပ်က ပန်းမွှင့်တို့ကို ကူညီနေတာ ..."

ရဲဇော်က ရုပ်တည်တည်နှင့်ပြောတော့ နောင်တရက ...

"အောင်ဘုနဲ့ တင်ဦးကို စာရွက်စာတမ်းတွေခိုးခိုင်းတာလည်း ခင်ဗျားပဲ ... ကေရီစ်ကို ပြန်ပေးဆွဲငွေတောင်းခိုင်တာလည်း ခင်ဗျားပဲ ...

ပြီးတော့ စစ်နိုင်လွင် တမလွန်ရောက်အောင် ကားဘရိတ်ကို အရှိန်ပြင်းလာ မမိအောင်လုပ်ခဲ့တာလည်း ခင်ဗျားပဲ ... ခင်ဗျား ဘာငြင်းဦးမလဲ ..."

"ဟား ... ဟား ... တော် ... တော် ရယ်ရတာပဲ ... ကဲပြော ခင်ဗျားပြောတာတွေအတွက် ဘာသက်သေရှိလဲ ..."

ရဲဇော်က ခပ်တင်းတင်းပြောလိုက်ရာ မှော်ဆရာ နောင်တရရဲ့ လက်တစ်ဖက် ဝှေ့ရမ်းသွားသည်။

"ဟင် ..."

"သမီးလေး ..."

လက်ထိပ်ကိုယ်စီနှင့် အောင်ဘုနဲ့တင်ဦး ရဲစာပ်သားကိုယ်စီနှင့်





ရဲအရာရှိလက်ထဲမှာတော့ ကေရီစ် ...

ပန်းမွှင့်ဖြူက ကေရီစ်ကို ပြေးဖက်လိုက်သလို ရဲအရာရှိကလည်း ရဲဇော်ကို လက်ထိပ်ခတ်လိုက်လေတော့သည်။

www.burmeseclassic.com

## မျော်ဆရာနဲ့ ဝိညာဉ်ဆုံတဲ့အခါမှာတော့ ...

### အခန်း (၁၅)

### တစ္ဆေနှုတ်ဆက်တဲ့ညနေ

"သူကပြောနေတယ် ပန်းပွင့်ဖြူ သူ့ကိုချစ်သေးရဲ့လားတဲ့ သူက ဘဝသစ်တစ်ခုကိုမသွားနိုင်သေးဘဲ ... ပန်းပွင့်ဖြူနဲ့ သမီးလေးနားမှာ ဝိညာဉ်ဘဝနဲ့ စောင့်ရှောက်နေရတာကို ကျေနပ်တယ်တဲ့လေ —"

"ဟင့် ... ဟင့်"

ပန်းပွင့်ဖြူက ရှိုက်ကာငိုတော့သည်။ ညှိခန်းထဲမှာတော့ ပန်းပွင့်ဖြူ သမီးလေး ဇေကရိစ် — နောက်တစ်ယောက်က ဒေါ်မိုးနက် သူတို့အားလုံး ရှေ့မှာ ထိုင်နေတာက မျော်ဆရာ နောင်တရ –

"ကိုကို ပန်းပွင့်သိပ်ချစ်ပါတယ် ... ဒါပေမယ့် အစွဲအလမ်း တစ်ခုနဲ့ ဝိညာဉ်ဘဝနဲ့ နေနေရတဲ့ ကိုကို ပန်းပွင့်သနားတယ် — ကို အနား မှာ ရှိတယ်ဆိုရင် ပန်းပွင့်ပြောပါရစေ ...

---

ရှိုရှင့်အောင်စာပေ

www.burmeseclassic.com

ကို ဒုက္ခခံပြီး အရလိုဘဝကြီးနဲ့မနေပါနဲ့ ဘဝသစ်တစ်ခုကို ကူးပါ တော့ ပန်းပွင့်တို့သားအမိကို စိတ်ချပါတော့ ...”

ရှိုက်ငိုနေတဲ့ ပန်းပွင့်ရဲ့ပါးပေါ် မျက်ရည်တွေ လိမ့်ဆင်းလာသည်။

“ဖေဖေ ... ဒီနားမှာရှိလို့လား မေမေ”

“ရှိနေတယ် သမီးလေးရယ် ဖေဖေ့ကိုပြောလိုက်ပါ ဖေဖေ အဝေးကြီးကိုသွားပါတော့လို့ ...”

“ဟင့်အင်း ... မေမေ ... ဖေဖေ သမီးတို့နဲ့ပဲအတူနေရမှာပေါ့ သမီးဖေဖေ့ကို အရမ်းချစ်တယ် ...”

ကောရီစစ်ကပြောတော့ ပန်းပွင့်ဖြူက ...

“သမီးထင်သလို သမီးဖေဖေက မေမေတို့အနားမှာရှိနေတာ မဟုတ်ဘူး ... သမီးရဲ့ ဖေဖေကို သမီးမြင်ရတာမှမဟုတ်တာ ဖေဖေ့ကို သွားခွင့်ပေးလိုက်ပါ ... သမီးရယ် ...”

“ဖေဖေ့ကို သမီးမြင်ရမှာမဟုတ်ဘူး ဟုတ်လား ...”

“ဟုတ်တယ် သမီး ...”

“ဟီး ... ဟီး”

ကောရီစစ်က ထရှိုက်တော့သည်။

ထိုစဉ် ... နောင်တရက ...

“သူ ပန်းပွင့်တို့သားအမိနဲ့ တိုက်ရိုက်စကားပြောချင်တယ်တဲ့”

“ရှင် ... ဘယ် ... ဘယ်လိုပြောမလဲ”

ပန်းပွင့်ဖြူ စိတ်လှုပ်ရှားသွားသည်။

နောင်တရက ...





“ကိုယ် ကူညီမှာပါ စစ်နိုင်လွင် ကိုယ့်ကိုပူးကပ်လိမ့်မယ် ကိုယ် လည်း သူ့ကိုကတိတောင်းထားတယ် ... ပန်းပွင့်ဖြူတို့သားအမိနဲ့ နောက်ဆုံးစကားပြောပြီးရင် ဘဝသစ်တစ်ခုကိုသွားပါဆိုတဲ့ ကတိပဲ”

“ကိုယ်နဲ့ တကယ် စကားပြောရမှာနော် ...”

“တကယ်ပါ ...”

နောင်တရကပြောပြီး စည်ခန်းထဲရှိထိုင်ခုံတစ်လုံးကို တစ်ဘက်သို့ ကပ်လိုက်ပြီး ကြမ်းပြင်၌ ထိုင်လိုက်သည်။ လက်နှစ်ဘက်ကို ပေါင်ပေါ်တင်၍ မျက်လုံးကို မှိတ်ထားလိုက်၏။

သိပ်မကြာပါ ... ။

နောင်တရရဲ့ ခန္ဓာကိုယ်တစ်ချက်တွန့်သွားသည်။

ပြီးတော့ ...

အသံတွေ တဆက်ဆက်တုန်လာသည်။ နှုတ်ခမ်းတွေက တဆတ် ဆတ်တုန်လာပြီး ...

“ပန်း ... ပန်းပွင့်”

နောင်တရ နှုတ်ဖျားကထွက်လာတဲ့အသံ နောင်တရရဲ့အသံ တော့မဟုတ် ...

စစ်နိုင်လွင်ရဲ့ အသံဖြစ်နေသည်။

“ကို ...”

ပန်းပွင့်ဖြူအယ်လိုမှ စိတ်မထိန်းနိုင်တော့ပဲ နောင်တရကိုပြေး ဖက်လိုက်၏။

“သမီးလေး ...”

www.burmeseclassic.com



ကေရီစစ်က သူ့အဖေအသံကို မှတ်မိတာကြောင့် ပြေးလာပြီး ဖက်ပြန်သည်။

"ပန်းပွင့် သမီးလေးကို ဂရုစိုက်နော် … သမီးလေးလည်း မေမေ့ စကားနားထောင် … "

"ဟင့် … "

သားအမိနှစ်ယောက်လုံးရဲ့ မျက်ရည်တွေက ပါးပေါ်စီးကျနေကြသည်။

"ဘဏ်ကဒ်ကို ကုမ္ပဏီက မန်နေဂျာဦးမျိုးမြင့်ကို ပန်းပွင့်နာမည်နဲ့ လွှဲခိုင်းလိုက်ပါ … ပြီးရင် ကို့အတွက်ရည်စူးပြီး အလှူလှူပေးပါ … "

"ဟုတ် … ဟုတ်ကဲ့ပါ … "

"ဒေါ်ကြီး … "

"သား … "

စစ်နိုင်လွင်က ဒေါ်မိုးနက်ကိုလှမ်းခေါ်လိုက်၏။

"သမီးလေး ကေရီစစ်ကို ဂရုစိုက်ပေးပါနော်"

"စိတ်ချပါ သားရယ် … "

ဒေါ်မိုးနက်ရဲ့ မျက်ရည်တွေက ကျလို့မဆုံးတော့ …

ထိုစဉ် …

နောင်တရရဲ့ ခန္ဓာကိုယ် တဆတ်ဆတ်တုန်လာသည်။

"ကိုယ် … သွားတော့မယ် … ပန်းပွင့်၊ သမီးလေး ဖေဖေ သွားတော့မယ် … "

"ဟင့် … ဟင့် … "





"ဟီး … ဟီး"

အားလုံးရဲ့ ငိုသံနှင့်အတူ နောင်တရရဲ့ ခန္ဓာကိုယ်လဲကျလို့သွားလေတော့သည်။

□□□



www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

အရာအားလုံးကတော့ ပြီးဆုံးခဲ့ပါပြီ ...

ဒီမိသားစုလေးထဲက ကို အပြီးထွက်သွားပြီဆိုတဲ့ အသိက ပန်းမွှင့်ရင်ထဲကို ကြေမွနေဆဲပါ ...

ဝိညာဉ်ဘဝရောက်တာတောင် ကို့ရဲ့ မေတ္တာရိပ်အောက်မှာ ပန်းမွှင့်တို့သားအမိ အေးချမ်းခဲ့ပါတယ် ...

ဝိညာဉ်ဘဝရောက်နေတဲ့ ကိုနဲ့ တွေ့ခွင့်ရအောင် ကူညီခဲ့တဲ့ မှော်ဆရာ နောင်တရကိုလည်း ကျေးဇူးတင်မိတယ်။

ဘာလိုပဲဖြစ်ဖြစ် ...

ကို ဘဝတစ်ခုကိုအပြီးသွားတဲ့ ညနေခင်းလေးကို ပန်းမွှင့်တို့သားအမိ အမြဲအမှတ်ရနေမှာပါလို့ ...

ရိရှင်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မျှော်ဆရာတွေ ဥပုသ်စောင့်တဲ့နေ့တွေဆို ဝိညာဉ်တွေပူးကပ်ခွင့်ရတယ်တဲ့ ... မျှော်ဆရာ နောင်တရရဲ့ ဥပုသ်နေ့တွေမှာ ကို ရောက်လာမလားလို့ အမြဲမျှော်လင့်နေဆဲပါ ကိုရယ်လို့ ...

ပြီးပါပြီ။

အစဉ်ကြိုးစားလျက်

သစ်ငုတ်စိုးတဲ့ **စိုးသူညှ**

တယ်လီဖုန်းဖြင့်

ဝေဖန်မိတ်ဆက်အကြံပြုလိုသူများမျှော်လင့်လျက်

ဖုန်း – ၀၁ ၄၀၁၃၆၄၊ ၀၉ ၇၃၁၁၃၉၀၉

www.burmeseclassic.com